# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၆ရက်၊ ၂၀၁၀ ခုနှစ်၊ ဇူလိုင် ၁၇ရက်၊ စနေနေ့၊ အတွဲ(၄၉)၊ အမှတ်(၂၈၅)


**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- ✱ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- ✱ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✱ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဩဝါဒသြမ အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး

ရန်ကုန် ဇူလိုင် ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဩဝါဒသြမ အစည်းအဝေးကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာမဓမ္မသဘင်၌ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပသည်။

**ဝေဖန်ဆွေးနွေး**

ရှေးဦးစွာ ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ တင်ပြလျှောက်ထားချက်များအနက် ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂဓမ္မကလည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒမာလာကလည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဓမ္မပါလာဘိဝံသကလည်းကောင်း ဝေဖန်ဆွေးနွေးတော်မူကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ●

# ဒေသဖွံ့ဖြိုးတိုးတက်ရေးပါတီ(ပြည်)အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

နေပြည်တော် ဇူလိုင် ၁၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၈၂/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန် ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၈၂/၂၀၁၀)
၁၃၇၂ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၅ ရက်
(၂၀၁၀ပြည့်နှစ်၊ ဇူလိုင်လ ၁၆ ရက်)

**ဒေသဖွံ့ဖြိုးတိုးတက်ရေးပါတီ(ပြည်)အား**
**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ပဲခူးတိုင်း၊ ပြည်မြို့နယ်၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ ပွဲစားလမ်းနှင့် ကမ်းနားလမ်းထောင့်၊ အမှတ်(၄၁၅)တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော ဒေသဖွံ့ဖြိုးတိုးတက်ရေးပါတီ (ပြည်)အား ၂၀၁၀ပြည့်နှစ်၊ ဇူလိုင်လ ၁၆ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

ဒေသဖွံ့ဖြိုးတိုးတက်ရေးပါတီ(ပြည်)၏ မှတ်ပုံတင်အမှတ်မှာ (၃၉) ဖြစ်ပါသည်။

**အမိန့်အရ**
(ပုံ) ဝင်းကို
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၆**

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီ၏အမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဆက်လက်လျှောက်ထားလျက်ရှိကြရာ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ National Development and Peace Party က ၂၀၁၀ခုနှစ် ဇူလိုင် ၁၆ရက်တွင် လာရောက်လျှောက်ထားခဲ့သည်။

ယင်းသို့ နိုင်ငံရေးပါတီ တည်ထောင်ခွင့်လျှောက်ထားသည့် အဖွဲ့များအနက် စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ်(စဒက) UNITY AND DEMOCRACY PARTY OF KACHIN STATE (UDPKS) သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၀ခုနှစ် ဇူလိုင် ၁၆ရက်တွင် နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုလိုက်သည်။

ထို့အပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီများအနက် ဒေသဖွံ့ဖြိုးတိုးတက်ရေးပါတီ(ပြည်)သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၀ခုနှစ် ဇူလိုင် ၁၆ရက်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုလိုက်သည်။

ယနေ့အထိ နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့် ပါတီ(၄၄)ပါတီရှိပြီး နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီ(၃၉)ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့် ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

မြန်မာ့အလင်း **ဆန်းသစ်တီထွင် ကမ္ဘာတစ်ခွင်**




# အနာဂတ်တွင် တိုးပွားလာမည့် မော်တော်ကားပျံများ

ကောင်းမြတ်သူ - ရေးသားသည်

*လော့စ်အိန်ဂျလိစ် ဇူလိုင် ၁၆*

*ကမ္ဘာ့ပထမဆုံး မော်တော်ကားပျံစမ်းသပ်မှုမှာ အောင်မြင်သွားပြီဖြစ်၍ အနာဂတ်ပို့ဆောင်ရေးပုံစံ ပြောင်းလဲလာလိမ့်မည်ဖြစ်ကြောင်း၊ သို့သော် အကောင်းဆုံးဖြစ်လာရန် ကြိုးစားရန်လိုအပ်ချက်များ ရှိနေသေးကြောင်း မော်တော်ကားထုတ်လုပ်သည့်အဖွဲ့မှ ကျွမ်းကျင်သူများက ပြောကြားသည်။*

*<u>တီထွင်ထုတ်လုပ်</u>*

*ကမ္ဘာ့ပထမဆုံး မော်တော်ကားပျံကို အမေရိကန်နိုင်ငံ မက်ဆာချူးဆက်ပြည်နယ်ရှိ တာရာဖူဂျီယာ ကုမ္ပဏီက တီထွင်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ ယင်းကုမ္ပဏီကို မက်ဆာချူးဆက်နည်းပညာတက္ကသိုလ်မှ ပညာရှင်ငါးဦးဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်သည်။*

*အဆိုပါကုမ္ပဏီသည် အမေရိကန် လေကြောင်းအုပ်ချုပ်ရေးအဖွဲ့ (အက်ဖ်အေအေ)၏ သဘောတူညီချက်ကိုရယူပြီး ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။*

*စာမျက်နှာ ၆ ကော်လံ ၃* ❍

## အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဇူလိုင် ၁၇ ရက်)

# ကျန်းမာရေးဆိုင်ရာနှိုးဆော်ချက်များ အလေးထားလိုက်နာ

ယနေ့ကမ္ဘာပေါ်တွင် လူများစွာကို ကူးစက်မြန်သည့်ရောဂါ ၇၅ ရာခိုင်နှုန်းကျော်သည် တိရစ္ဆာန်များမှတစ်ဆင့် ကူးစက်တတ်ကြသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အသစ်ဖြစ်ပေါ်လာသော ကူးစက်မြန်ရောဂါများနှင့် တိရစ္ဆာန်များမှတစ်ဆင့် လူသို့ကူးစက်နိုင်သော ရောဂါများကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ကူးစက်ရောဂါတိုက်ဖျက် ရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခြင်း၊ ကူးစက်ရောဂါနှိမ်နင်းရေး စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ခြင်းဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။ ရာသီအလိုက် ဖြစ်ပေါ်တတ်သော ကူးစက်ရောဂါများအတွက် ကျန်းမာရေးပညာပေးနှိုးဆော်ချက်များကိုလည်း အချိန်နှင့်တစ်ပြေးညီ နှိုးဆော် အသိပေးလျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ပလိပ်ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းအဖြစ် ကြွက်နှင့် ကြွက်လေ့လာသုတေသနလုပ်ငန်းများကို ပလိပ်ရောဂါဖြစ်ပွားကူးစက်နိုင်ခြေရှိသည့်နေရာဒေသများ၌ နှစ်စဉ် သုံးလတစ်ကြိမ် ဆောင်ရွက်လျက်ရှိသည်။ ၁၉၇၄ ခုနှစ်နောက်ပိုင်း ပလိပ်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ခဲ့မှုကြောင့် မြန်မာနိုင်ငံတွင် ယနေ့အထိ နှစ်ပေါင်းများစွာ ပလိပ်ရောဂါကူးစက်မှု မရှိခဲ့ပေ။

၂၀၁၀ ခုနှစ် ဇွန်လအတွင်း မုတ်သုံရာသီဝင်ရောက်ချိန်၌ မိုးသည်းထန်စွာ ရွာသွန်းမှုရှိခဲ့ရာ နေရာဒေသအချို့တွင် မိုးကြီးခြင်း၊ ရေလျှံခြင်းတို့ကြောင့် ကြွက်များသေဆုံးခဲ့ရသည်။ သေဆုံးသော ကြွက်များကို အမျိုးသားကျန်းမာရေးဌာနသို့ ပေးပို့ဓာတ်ခွဲစစ်ဆေးခဲ့ရာ မည်သည့်ရောဂါပိုးမှ မရှိကြောင်း တွေ့ရှိရသည်။

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ တိရစ္ဆာန်များမှတစ်ဆင့် ကူးစက်တတ်သော ရောဂါများမဖြစ်ပွားစေရေးအတွက် ရာသီအလိုက် ဖြစ်ပေါ်နိုင်သည့် ကူးစက်ရောဂါများနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော သတိပေးနှိုးဆော်ချက်များကို တိုင်းရင်းသားပြည်သူများက အလေးထားလိုက်နာသွားကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၇-၂၀၁၀ (စနေနေ့ )

**နံနက်ပိုင်း**

၅:၀၀ MRTV-4အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ ဇောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **ဆရာတော် အရှင်ဇဝန (မေတ္တာရှင်)** ဟောကြားတော်မူသော တရားတော်
၆:၄၀ သဘာဝတရားတို့ဖြစ်တည်ရာ နာဂစကြာလိုဏ်ဂူတော်မဟာ
၇:၀၀ MRTV-4 သတင်း
၇:၄၅ ရန်ကုန်မြင်ကွင်းကျယ် (ခရေမှူကြိုမှ Children's Museum ဖွင့်ပွဲ)
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၄၉)
၈:၃၀ Sports World (Global Football)
၈:၄၅ အဆင့်မြင့်ခေတ်မီ သီရိမင်္ဂလာဈေး သစ်ကြီးဆီသို့
၉:၀၀ နွေးထွေးမှုများလွှမ်းခြုံထားတာ တိုင်းဧရာဝတီကျိုက်လတ်မှာ
၉:၁၅ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ရန်ပုံငွေ တေးဂီတဖျော်ဖြေပွဲ
၉:၄၀ Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀:၀၀ တိုးပွားဆောင်ရွက်နိုင်ငံ့လက်ဖေးကူမွေးမြူ တို့အတူ (ပင်လယ်ရေမှော် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း)
၁၁:၂၅ သွားမယ်စားမယ် (1 Two 4)
၁၁:၅၅ ချင်းပြည်နယ်မှ ရောင်စုံ ပန်းကလေးများအတွက် မြိုင်ပရဟိတစာသင်တိုက်
၁၂:၁၀ သူတို့ငါးယောက်ရှိရာ သရေခေတ္တရာ
၁၂:၃၀ မျှော်လင့်ခြင်းခရီးစဉ် ဖြစ်ရပ်မှန် (၆) (ဦးခေါင်းနှင့် လည်ပင်းပိုင်း ကင်ဆာများ)
၁:၀၀ **ဆရာတော် အရှင်ဇဝန (မေတ္တာရှင်)** ဟောကြားတော်မူသော တရားတော်
၁:၄၀ သဘာဝတရားတို့ဖြစ်တည်ရာ နာဂစကြာလိုဏ်ဂူတော်မဟာ
၂:၁၀ MRTV-4သတင်း
၂:၄၅ Zaw Win Htut Emperor 25th Anniversary Live Show (Part-2)
၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၄၉)
၄:၂၀ ချင်းပြည်နယ်မှ ရောင်စုံပန်းကလေးများအတွက် မြိုင်ပရဟိတစာသင်တိုက်
၄:၃၅ နွေးထွေးမှုများလွှမ်းခြုံထားတာ တိုင်းဧရာဝတီကျိုက်လတ်မှာ
၅:၀၀ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲ
၅:၂၅ အဆင့်မြင့်ခေတ်မီ သီရိမင်္ဂလာဈေး သစ်ကြီး ဆီသို့
၅:၄၅ ရန်ကုန်မြင်ကွင်းကျယ် (Congratulation ပါ BLAZON)
၆:၀၀ MRTV-4 သတင်း
၆:၂၀ MRTV-4 ကာတွန်းအစီအစဉ်
၆:၅၀ ရန်ကုန်မြင်ကွင်းကျယ် (ခရေမှူကြိုမှ Children's Museum ဖွင့်ပွဲ)
၇:၀၀ Zaw Win Htut Emperor 25th Anniversary Live Show (Part -2)
၈:၀၀ MRTV-4 သတင်း
၈:၃၀ စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
၉:၀၅ သွားမယ် စားမယ် (1 Two 4)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၄၉)
၁၀:၀၀ မျှော်လင့်ခြင်းခရီးစဉ် ဖြစ်ရပ်မှန် (၆) (ဦးခေါင်းနှင့် လည်ပင်းပိုင်း ကင်ဆာများ)
၁၀:၂၅ ဂီတသရုပ်ပြခန်း (Ninee)
၁၀:၄၅ Shooting Making (မိုးကျရွှေကိုယ်)
၁၁:၀၅ ရန်ကုန်မြင်ကွင်းကျယ် (Congratulation ပါ BLAZON)
၁၁:၂၅ တိုးပွားဆောင်ရွက်နိုင်ငံ့လက်ဖေးကူမွေးမြူ တို့အတူ (ပင်လယ်ရေမှော်စိုက်ပျိုးမွေးမြူရေးလုပ်ငန်း)
၁၁:၄၅ စီးဆင်းပါစေ မေတ္တာရည် (မေကဗျာ၊ ဖူးဖူး)
၁၁:၅၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁:၀၀ အစီအစဉ်ပြီး၏။

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**



ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး **Dr. Villur Sundararajan Seshadri** လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

## ဝန်ကြီး ဦးသိန်းဆွေအား အိန္ဒိယသံအမတ်ကြီး တွေ့ဆုံ နှစ်နိုင်ငံအကြား ပို့ဆောင်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၆

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr.Villur Sundararajan Seshadri သည် ယမန်နေ့နံနက် ၉နာရီက နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ မြန်မာနှင့် အိန္ဒိယနှစ်နိုင်ငံအကြား ပို့ဆောင်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးစွာ ဆွေးနွေးကြသည်။

**တက်ရောက်**

ယင်းသို့တွေ့ဆုံရာတွင် ပို့ဆောင်ရေး ဝန်ကြီးဌာန ပို့ဆောင်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးဝင်းဖေ၊ ရုံးအဖွဲ့မှူး ဦးဝင်းခန့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများအား အထက သိမ်ဆိပ်၌ ဂုဏ်ပြုပွဲကျင်းပ

*သထုံ ဇူလိုင် ၁၆*

*၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုနှင်းသဘင်အခမ်းအနားကို ဇူလိုင် ၉ရက်က သထုံမြို့နယ် သိမ်ဆိပ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း သိမ်ဆိပ်စွယ်တော်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ သထုံခရိုင် ပညာရေးမှူး ဦးကျော်အောင်၊ ကျောင်းအုပ်ဆရာကြီး ဦးထွန်းအောင်၊ မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်များ၊ အထက၊ အလက၊ မူလွန်ကျောင်းများမှ ကျောင်းအုပ် ဆရာဆရာမကြီးများ၊ ဆရာ ဆရာမများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ကျောင်းသားမိဘများနှင့် ဆုရကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။*

**ဆုချီးမြှင့်**

*အခမ်းအနားတွင် ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ပြီး လေးဘာသာဂုဏ်ထူးရှင် မကေခိုင်ဝင်းအား ဂုဏ်ပြုဆုငွေကျပ် တစ်သိန်းကို အလှူရှင် ကိုယ်စား ကျောင်းအကျိုးတော်ဆောင် ဦးဝင်းရွှေက ဆုချီးမြှင့်ကြောင်း သိရသည်။*

*(မြန်မာ့အလင်း)*

## ကိုယ်ဝန်ဆောင် စောင့်ရှောက်ခြင်း လုပ်ငန်းမြှင့်တင်ရေး မော်ဘီ၌ ဆွေးနွေး

ရန်ကုန် ဇူလိုင် ၁၆

ရန်ကုန်မြောက်ပိုင်းခရိုင် မော်ဘီမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်း၊ လွှမ်းခြုံမှုမြှင့်တင်ရေး အသိပညာပေးဆွေးနွေးခြင်းနှင့် သင်တန်းဖွင့်ပွဲကို ဇူလိုင် ၁၄ရက် နံနက် ၉ နာရီက မြို့နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်စိုးလွင်က အမှာစကား ပြောကြားသည်။



**(အပေါ်ပုံ)**

ဆက်လက်၍ နေပြည်တော်မှ မျိုးဆက်ပွားကွင်းဆင်းအရာရှိ ဒေါက်တာသီတာစိုးနှင့်မော်ဘီမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းထွန်းတို့က မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်းအကြောင်း အသိပညာပေးရှင်းလင်းဟောပြော ပို့ချသည်။ **(မြို့နယ် ပြန်/ဆက်)**

ဇူလိုင် ၉ရက်က စည်ပင်သာယာရေး ဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့်၊ ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဗဟိုဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို ကွင်းဆင်း စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသောင်းထိုက်၊ တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်သွင်နှင့် ဒုတိယဦးစီးမှူး(ဈေး)ဦးသိန်းမောင်ထွေးတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)



● ရှေ့ဖုံးမှ

ထို့နောက် အစည်းအဝေးကို မွန်းလွဲ ၁နာရီတွင် ပြန်လည်ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် ဆရာတော်များက ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့်ပညာရေးရာကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ဆက်လက်၍ ဆဋ္ဌအကြိမ် သတ္တမ (လေးလပတ်) နိုင်ငံတော်ဝိနည်းဓိုရ် ဆရာတော်ကြီးများ ရွေးချယ်လျာထား အတည်ပြုပေးဆောင်ရန်ကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

**အတည်ပြုချက်ရယူ**

ယင်းနောက် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(ဒုတိယအဖွဲ့ခွဲ)၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဝေဖန်ဆွေးနွေးဆုံးဖြတ်ချက်များအပေါ် ဆရာတော်များက ပြန်လည်ရှင်းလင်း လျှောက်ထားကြပြီး တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာနိတသိရီဘိဝံသက အတည်ပြုချက် ရယူတော်မူသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် ဆရာတော်များက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတော်မူကြသည်။

ယင်းနောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်များက "ဇယန္တောဗောဓိယာမူလေ" အစချီ နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူကြပြီး မွန်းလွဲပိုင်းတွင် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဧကာဒသမ အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးသည်။

**ဆက်ကပ်လှူဒါန်း**

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဧကာဒသမ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံဝေဠုဝန် ရွှေကျင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမာနိတ ဦးဆောင်သော တပည့်ဒါယကာ ဒါယိကာမများက တစ်နေ့တာဆွမ်း၊ ခဲဖွယ်ဘောဇဉ်တို့ကို ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

**(သတင်းစဉ်)**



ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဧကာဒသမအစည်းအဝေး ဒုတိယနေ့ကျင်းပစဉ်။ (သတင်းစဉ်)





၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ကြသော ကျောင်းသားကျောင်းသူများအား မြို့နယ်အဆင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၀ရက်က ညောင်တုန်းမြို့အထက(၁)၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်စန်းငွေးက ထူးချွန်ကျောင်းသား တစ်ဦးအား ဆုချီးမြှင့်စဉ်။ (၁၅၂)

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်အောင်အေး

# ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း ကော်မရှင်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇူလိုင် ၁၆**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် (ရန်ကုန်တိုင်းတာဝန်ခံ) ဒေါက်တာ တင်အောင်အေးသည် ဇူလိုင် ၁၄ရက်တွင် ရန်ကုန်တောင်ပိုင်းခရိုင် (သန်လျင်)သို့ ရောက်ရှိပြီး ရန်ကုန်တိုင်းကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကိုကို၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြတ်စိုးနှင့် အဖွဲ့ခွဲအဖွဲ့ဝင်များလိုက်ပါလျက် သန်လျင်မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး၊ အမှုထမ်းရပ်ကွက်နှင့် ကရင်ဆိပ်ကျေးရွာအုပ်စု၊ သုံးခွမြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံး၊ သိုက်တူးကန်ကျေးရွာအုပ်စုနှင့် ပတုတ်ကြီးကျေးရွာအုပ်စု၊ ခရမ်းမြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး၊ အမှတ်(၃)၊ အမှတ်(၅)၊ မြို့လုရပ်ကွက် ကော်မရှင်အဖွဲ့ခွဲရုံးများကို ကြည့်ရှုစစ်ဆေးသည်။

**ညှိနှိုင်းဖြည့်ဆည်း**

ယင်းနောက် ဇူလိုင် ၁၅ရက်တွင် ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး၊ အုန်းပင်စု၊ ကျွန်းတောရပ်ကွက်၊ ကံဘဲ့ကျေးရွာအုပ်စု၊ ကော့မှူးမြို့နယ် ပိန္နဲကုန်းကျေးရွာအုပ်စု၊ နတ်စင်ကုန်း ကျေးရွာအုပ်စု၊ မြို့သစ်ရပ်ကွက်၊ ကွမ်းခြံကုန်းမြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး၊ အင်္ဂလုံးကျေးရွာအုပ်စု၊ ဒေးဒနော်ကျေးရွာအုပ်စု၊ ဆိပ်ကြီးခနောင်တိုမြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံး၊ ဒလမြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံး၊ ကမာကသွယ်ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲရုံးများသို့ ကွင်းဆင်းပြီး ရွေးကောက်ပွဲဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲအသီးသီး၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ မဲရုံများဆောက်လုပ်ရန် လျာထားသည့် အဆောက်အအုံများ၊ မဲရုံမြေနေရာများ၊ နမူနာဆောက်လုပ်ပြသထားသည့် မဲရုံများနှင့် မဲဆန္ဒပေးခြင်း၊ သရုပ်ပြခြင်းတို့ကိုလည်းကောင်း၊ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲများနှင့် တွေ့ဆုံပြီး ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများ အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရေး ဆွေးနွေးမှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အာဇာနည်နေ့နှင့် ဝါဆိုလပြည့်နေ့ လော်ကားဥယျာဉ်ကို အချိန်တိုးမြှင့်ဖွင့်မည်

**ရန်ကုန် ဇူလိုင် ၁၆**

သစ်တောဦးစီးဌာန လော်ကားဥယျာဉ်ကို နေ့စဉ်ပုံမှန် နံနက် ၈နာရီမှ ညနေ ၄နာရီအထိ ဖွင့်လှစ်ထားသော်လည်း ၂၀၁၀ခုနှစ် ဇူလိုင် ၁၉ရက် (အာဇာနည်နေ့)နှင့် ဇူလိုင် ၂၆ရက် (ဝါဆိုလပြည့်နေ့)တို့တွင် အများပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်ရန်အတွက် နံနက် ၈နာရီမှ ညနေ ၆နာရီအထိ တိုးမြှင့်ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရောဝတီတံတား(မကွေး)ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်ထားကြောင်း သတိပေးနှိုးဆော်ချက်ထုတ်ပြန်

***ရန်ကုန် ဇူလိုင် ၁၆***

*ရောဝတီမြစ်ကူး ရောဝတီတံတား(မကွေး)ရေလမ်းကြောင်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၂)နှင့် (၃)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၁)နှင့်(၂) အကြားမှလည်းကောင်း သတ်မှတ်ဖွင့်လှစ်ထားသည်။ ယခုအခါ ရေများကာလသို့ ရောက်ရှိပြီး ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ဇူလိုင် ၁၆ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၃)နှင့် (၄) အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၂)နှင့်(၃)အကြားမှလည်းကောင်း ပြောင်းလဲဖွင့်လှစ်ထားသည်။*

***ပြသထား***

*ပြောင်းလဲထားသည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ မီတာ၁၁၀ ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၁၇မီတာရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့မြင် အစိမ်းရောင်တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားသည်။ မဝင်ရမည့်ဝင်ပေါက်တွင် အနီရောင် ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားသည်။*

***ထုတ်ပြန်ထား***

*တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ပေ ၂၀ ခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင် နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုကြရန်နှင့် တွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။*

***(သတင်းစဉ်)***

# အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ HOUSING & LIVING 2010 ရန်ကုန် တပ်မတော်ခန်းမတွင် ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၁၆**

IEMS Company Limited သည် အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ - ၂၀၁၀ HOUSING & LIVING 2010 ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ၂၀၁၀ခုနှစ် ဇူလိုင် ၂၄ရက်မှ ၂၇ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**ဆက်သွယ်မေးမြန်းနိုင်**

ပြပွဲတွင် Shine Construction Co.,Ltd.မှ အိမ်ရာအရောင်းပြခန်းများ၊ Naing Group မှ Champion Construction Materials နှင့် Tiger Supply တို့မှ ဆောက်လုပ်ရေးအိမ်ဆောက်ပစ္စည်းများ၊ SOSUCO Tile မှ COTTO တံဆိပ် ကြွေပြားကျောက်ပြားများ၊ SMART Electronic Dictionary၊ Good Brother's Co.,Ltd.၊ Royal Tun (Sky Digital)၊ SMART Technical၊ Royal Myanmar Technical၊ KMD နှင့် MRS ၊ Blue Ray တို့မှ ကွန်ပျူတာနှင့် အီလက်ထရွန်နစ်များ၊ SANFOCO၊ Myanmar May Kaung၊ Coffer Manufacturing၊ Home Glory၊ Scene Living၊ Universal Light၊ Uniteak၊ Scansia၊ Ocean Glory၊ စိန်နှင့်မြ၊ Gold Coil နှင့် Gold Home Family တို့မှ ပရိဘောဂများ၊ Star Tek မှ အရောင်တင်ဆေးများ၊ RACEHOUSE (HYDRO SEAL) မှ အမိုးဖာဆေးနှင့် သုတ်ဆေးများ၊ Southern Ocean၊ Modern Tech (Deco Land) မှ Aluminium Composite Panel များ၊ Tharaphee၊ Maruart နှင့် Home Distribution Group တို့မှ ကြမ်းခင်းနှင့် Materials အမျိုးမျိုး၊ Grand Elephant မှ PVC ပိုက်များ၊ SP Group မှ Air Pure တံဆိပ် Automatic Air Fresher များ၊ Golden Rose Industry မှ Modern Steel Structure များ၊ Future Step (Midea) နှင့် Three Friends Trading မှ Induction Cooker များနှင့် ခြင်ဖမ်းစက်များ၊ Life Line Co.,Ltd. မှ ဒီဂျစ်တယ် သွေးပေါင်ချိန်စက်များ၊ The One (PE Tank) မှ ကိုရီးယားနိုင်ငံထုတ် ရေတိုင်ကီများ၊ Golden Lion Wire မှ Cable ကြိုးနှင့် Online UPS များ၊ I.E.M မှ မီးစက်များနှင့် အီလက်ထရွန်နစ်ပစ္စည်းများ၊ Ever Seiko မှ မီးစက်များနှင့် ရေပူ ရေအေးစက်များ၊ Myat Kan Moe Enterprise Ltd. မှ Switch၊ Socket၊ Breaker၊ Contactor & Over load Relay များ၊ Rinnai မှ Gas Stove များ၊ Yangon City Guide မှ လမ်းညွှန်မြေပုံစာအုပ်များ၊ MNZ ငွေရေစက်များ၊ Linpo မှ အုတ်ကြွပ်အမိုးပြားများကို ခင်းကျင်းပြသမည်ဖြစ်ပြီး ပြပွဲတွင် ဖျော်ဖြေရေး အစီအစဉ်များအပြင် နေ့စဉ်အဝတ်လျှော်စက် ကံစမ်းမဲ ဖွင့်လှစ်ပေးမည်ဖြစ်ကာ အသေးစိတ် သိရှိလိုပါက ဖုန်း- ၇၃၀-၄၃၅၈၈သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

**(သတင်းစဉ်)**

သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးတွင် ဇူလိုင် ၁၂ရက်က ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်က အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦးနှင့် ဝန်ထမ်းများ၊ ဈေးအကျိုးတော်ဆောင် အဖွဲ့ဝင်များအားတွေ့ဆုံပြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆွေးနွေးမှာကြားစဉ်။ (မြို့နယ်စည်ပင်)



# တောင်ကြီးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ထောက်ပံ့ကြေးများပေးအပ်

**တောင်ကြီး ဇူလိုင် ၁၆**

တောင်ကြီးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ အသက်(၇၀)အထက် သက်ကြီးစစ်မှုထမ်းဟောင်းများနှင့် စည်းရုံးရေးမှူးများ၊ ၂၀၀၉-၂၀၁၀ တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရ ကျောင်းသားနှင့်တက္ကသိုလ်ဝင်တန်းအောင်မြင်သူ ကျောင်းသားကျောင်းသူများ၊ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်း အခမ်းအနားကို ဇူလိုင် ၈ရက် မွန်းတည့် ၁၂နာရီက အေးသာယာမြို့ စစ်မှုထမ်းဟောင်းရုံး၌ ကျင်းပရာ မြို့နယ်စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးခင်မောင်ဝင်း(ငြိမ်း) နှင့် ကော်မတီဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

**ပေးအပ်ချီးမြှင့်**

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌက ထောက်ပံ့ကြေးနှင့်ပညာသင်စရိတ်များ ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အသက်(၇၀)အထက် သက်ကြီးစစ်မှုထမ်းဟောင်း ၅၅ ဦး၊ သုံးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သည့် ကျောင်းသားတစ်ဦး၊ တက္ကသိုလ်ဝင်တန်း အောင်မြင်သည့် ကျောင်းသားခုနစ်ဦး၊ တက္ကသိုလ်၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသားကျောင်းသူ ၁၄၃ဦးတို့အား တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ခဲ့ပြီး (အောက်ပုံ) ထောက်ပံ့မှု စုစုပေါင်းမှာ ငွေကျပ် ၁၆သိန်းဖြစ်ကြောင်း သိရသည်။

**(မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့)**



# အယ်လ်ခိုင်ဒါအကြမ်းဖက်အုပ်စု အာဖရိကပြည်သူ့ဘဝ တန်ဖိုးထားရကောင်းမှန်းမသိ

ဝါရှင်တန် ဇူလိုင် ၁၆

**အယ်လ်ခိုင်ဒါနှင့် အယ်ရှာဘက်ကဲ့သို့သော အကြမ်းဖက်အုပ်စုများသည် အာဖရိကပြည်သူ့ဘဝကို တန်ဖိုးထားရကောင်းမှန်းမသိကြောင်းဖြင့် အမေရိကန်သမ္မတ အိုဘားမားက ယူဂန္ဒာဗုံးခွဲတိုက်ခိုက်မှုနှင့် စပ်လျဉ်း၍ ဇူလိုင် ၁၆ရက်က တွေ့ဆုံမေးမြန်းမှုတစ်ခုတွင် ဝေဖန်ပြောကြားလိုက်သည်။**

**သေဆုံး**

ယူဂန္ဒာနိုင်ငံတွင် ကမ္ဘာ့ဖလားဘောလုံးပွဲကို ရုပ်မြင်သံကြားမှတစ်ဆင့် ကြည့်ရှုနေသူများအား ဗုံးခွဲတိုက်ခိုက်သဖြင့် အနည်းဆုံး ၇၄ဦးသေဆုံးရသည်။

**ကြေညာ**

ယူဂန္ဒာနိုင်ငံက ဆိုမာလီအစိုးရကို ထောက်ခံသည့်အတွက် ယင်းတိုက်ခိုက်မှုနောက်ကွယ်၌ မိမိတို့ရှိကြောင်း ဆိုမာလီအစ္စလာမ္မစ်အုပ်စု အယ်လ်ရှာဘက်က ကြေညာ သည်။

အယ်လ်ခိုင်ဒါအုပ်စုသည် လူသားအသက်ကို တန်ဖိုးမထားဘဲ လူမည်းအာဖရိက ပြည်သူများအား သေနက်စာ၊ အမြောက်စာများအဖြစ် သဘောထားကြောင်းကို ယူဂန္ဒာ ဗုံးခွဲတိုက်ခိုက်မှုက ပြသနေသည်ဟု အမေရိကန် အစိုးရအရာရှိတစ်ဦးက ဝေဖန်လိုက်သည်။

**(အင်တာနက်)**



**တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်စုပြည်နယ် ဆူကျိုးမြို့ရှိ ရဲစခန်းတစ်ခု၌ ရဲတပ်ဖွဲ့ဝင်များက ဖောက်ခွဲရေးပစ္စည်းများကို စက်ရုပ်လက်တံ အသုံးပြုရှာဖွေနေသည်ကို ဇူလိုင် ၁၆ရက်က တွေ့ရစဉ်။** (၎င်းစက်ရုပ်လက်တံတွင် ကင်မရာများ တပ်ဆင်ထားပြီး အမျိုးမျိုးသော ဖောက်ခွဲရေးပစ္စည်းများကို ဖယ်ရှားနိုင်စွမ်းရှိကြောင်း သိရသည်။) **(အင်တာနက်ဓာတ်ပုံ)**

# အမေရိကန်၏ ဗိုလ်ကျစိုးမိုးမှုဝါဒ အီရန်က တပ်ဦးမှ ပါဝင်ဆန့်ကျင်ဟုဆို

**တီဟီရန် ဇူလိုင် ၁၆**

အမေရိကန်အစိုးရ၏ ဗိုလ်ကျစိုးမိုးရေးဝါဒကို ဆန့်ကျင်ရာ၌ အီရန်နိုင်ငံသည် တပ်ဦးမှပါဝင်ကြောင်း အီရန်ဘာသာရေးခေါင်းဆောင် အယာတိုလာ အလီခါမေနီက ပြောကြားလိုက်သည်။

**ပြောကြား**

အယာတိုလာ အလီခါမေနီက တော်လှန်ရေးအစောင့် တပ်ဖွဲ့ဝင်များအား ဇူလိုင် ၁၄ရက်က တွေ့ဆုံစဉ် အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

**ခြိမ်းခြောက်**

အမေရိကန်နိုင်ငံ၏ အခြေအနေမှာ တစ်နေ့တခြား ပိုမိုဆိုးရွားလာနေစဉ် အမေရိကန်သည် ကမ္ဘာတစ်ဝန်းခြိမ်းခြောက်ငွေညှစ်နေသည့်ဂိုဏ်းကို ထူထောင်ထားသည့် အနိုင်ကျင့်သူနှင့်တူကြောင်း၊ အချို့နိုင်ငံများကမူ သူတို့စီးပွားရေး မထိခိုက်စေရန် ဆက်ကြေး ပေးဆောင်နေကြသော်လည်း အချို့က ငုံ့မခံဘဲ တွန်းလှန်ကြကြောင်း၊ အီရန်နိုင်ငံမှာ ဗိုလ်ကျစိုးမိုးမှုကို ဆန့်ကျင်တွန်းလှန်ရာ၌ ရှေ့ဆုံးမှပါဝင်ကြောင်း အယာတိုလာအလီခါမေနီက ပြောကြားသည်။ **(အင်တာနက်)**

# ကွန်ဆွန်တိုင်ဖုန်းမုန်တိုင်း တရုတ်တောင်ပိုင်းစတင်ဝင်ရောက်

*ပေကျင်း ဇူလိုင် ၁၆*

***ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် တိုက်ခတ်ခဲ့သည့် ကွန်ဆွန်တိုင်ဖုန်းမုန်တိုင်းသည် ဇူလိုင် ၁၆ရက် ညပိုင်းက တရုတ်တောင်ပိုင်းသို့ ဝင်ရောက်ခဲ့ရာ ထောင်ပေါင်းများစွာသော ပြည်သူများအား ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးလျက်ရှိကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။*** *(အောက်ပုံ)*

***ကြေညာ***

*ယင်းမုန်တိုင်းသည် လွန်ခဲ့သောသီတင်းပတ်ကုန်ပိုင်းက ဖိလစ်ပိုင်နိုင်ငံသို့ ဝင်ရောက်ခဲ့ရာ ၃၉ဦးသေဆုံးပြီး ၈၄ဦး ပျောက်ဆုံးလျက်ရှိကြောင်း၊ ၎င်းမုန်တိုင်းသည် ပြန်လည်အားကောင်းလာပြီး တစ်နာရီ ၇၅မိုင်နှုန်းဖြင့် တိုက်ခတ်ခဲ့ကြောင်း၊ ညဂနာရီ မိနစ် ၅၀တွင် ဟိုင်နန်ကျွန်းပေါ်ရှိ ဆန်ယာမြို့ကို ဦးတည်တိုက်ခတ်ခဲ့ကြောင်း တရုတ်အမျိုးသား မိုးလေဝသဌာနက ကြေညာသည်။*

*အဆိုပါ မုန်တိုင်းတိုက်ခတ်မှုကြောင့် လေကြောင်းခရီးစဉ်များလည်း ဖျက်သိမ်းလိုက်ရကြောင်း၊ ကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများအား ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးလျက်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။*

*အမ်အင်န်အေ၊ဆင်ဟွာ*



# အာဖရိကသမဂ္ဂ ငြိမ်းချမ်းရေးတပ်ဖွဲ့အင်အား ၂၀၀၀၀အထိ တိုးပေးမည်ဟု ယူဂန္ဒာသမ္မတ ပြောကြား

**နက်သူနာမို ဇူလိုင် ၁၆**

ယူဂန္ဒာသမ္မတ ယိုဝီရီယူဝီဘီရီက ဆိုမာလီနိုင်ငံရှိ အာဖရိကသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့အင်အားကို လက်ရှိ ၄၃၀၀မှ ၂၀၀၀၀သို့ တိုးပေးမည်ဖြစ်ကြောင်း ပြောကြားသည်။ ယင်းကိစ္စအားလုံးကို မကြာမီကျင်းပမည့်နိုင်ငံအချင်းချင်း ဖွံ့ဖြိုးရေးထိပ်သီးဆွေးနွေးပွဲ (အိုင်ဂျီအေဒီ)တွင် ထည့်သွင်းဆွေးနွေးမည် ဖြစ်ကြောင်း၊ ယူဂန္ဒာအနောက်ပိုင်း နက်သူနာမိုခရိုင်ရှိ ၎င်း၏ ရုံးခန်းအတွင်း သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်ခြင်း ဖြစ်သည်။

**ပြုလုပ်**

အဆိုပါ အစည်းအဝေးကို ဒေဂျေဘော့တီ၊ အီသီယိုးပီးယား၊ အီရီထရီးယား၊ ကင်ညာ၊ ဆိုမာလီယာ၊ ဆူဒန်နှင့် ယူဂန္ဒာနိုင်ငံတို့ တက်ရောက်မည်ဖြစ်ပြီး အစည်းအဝေးမှ ချမှတ်သော မူဝါဒများအရ သဘောတူညီမှုများ ပြုလုပ်သွားမည်ဖြစ်သည်။ ထို့အပြင် ယူဂန္ဒာနိုင်ငံအနေဖြင့် ယူဂန်ဒါနှင့် ဆိုမာလီယာနိုင်ငံအတွင်းရှိ အယ်လ်ရှာဘက် ဆိုမာလီလက်နက်ကိုင်တပ်ဖွဲ့ကို ထိုးစစ်ဆင် တိုက်ခိုက်သွားမည် ဖြစ်ကြောင်း၊ ၎င်းအဖွဲ့သည် ဇူလိုင် ၁၁ရက် နှောင်းပိုင်းက ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှု သုံးမှုကြောင့် ကန်ပါလာရှိ နိုင်ငံခြားသား တစ်ဒါဇင်ကျော် အပါအဝင် ၇၄ဦး သေဆုံးသွားခဲ့ခြင်း ဖြစ်ကြောင်း စွပ်စွဲခံထားရသည့် အဖွဲ့အစည်းဖြစ်သည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# ဆဝပ် တောင်ကြား ဗုံးခွဲတိုက်ခိုက်မှု အနည်းဆုံး ငါးဦးသေဆုံး

**အစ္စလမ္မာဘတ် ဇူလိုင် ၁၆**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ဆဝပ်တောင်ကြားရှိ ဘတ်စ်ကားဂိတ်တစ်ခုအနီး အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားရာ အနည်းဆုံးငါးဦးသေဆုံးပြီး ၅၀နီးပါး ဒဏ်ရာရခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ဖြစ်ပွား**

ဤတိုက်ခိုက်မှုကြောင့် ကလေးများအပါအဝင် ၄၇ဦးအား နီးစပ်ရာဆေးရုံသို့ ပို့ခဲ့ရကြောင်း ရဲအဖွဲ့ကပြောကြားသည်။ ယင်းတိုက်ခိုက်မှုဖြစ်ပွားရာအရပ်မှာ ဆဝပ်တောင်ကြားရှိ အဓိကမြို့တစ်မြို့ဖြစ်သော မင်ဂိုရာမြို့ လူစည်ကားရာ ဘတ်စ်ကားဂိတ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

**တိုးပွား**

ဆဝပ်တောင်ကြားဒေသကို ၂၀၀၉ခုနှစ် ဧပြီလက အစိုးရတပ်များ စစ်သွေးကြွများအား ထိုစစ်ဆင်တိုက်ခိုက်ရာမှ အကြမ်းဖက်မှုများ ပိုမိုတိုးပွားလာသည်။

**(အင်တာနက်)**

# အီရတ်၌ ကားဗုံးပေါက်ကွဲ

**တီကရစ် ဇူလိုင် ၁၆**

အီရတ်နိုင်ငံ တီကရစ်မြို့ရှိ လူစည်ကားရာ မြို့လယ်လမ်းမပေါ်တွင် ဇူလိုင် ၁၅ရက်က ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ ခြောက်ဦးသေဆုံးပြီး ၁၄ဦး ဒဏ်ရာရရှိခဲ့ကြောင်း တီကရစ်မြို့ ရဲတပ်ဖွဲ့က ပြောကြားသည်။

ကားဗုံးပေါက်ကွဲမှုကြောင့် မြို့လယ်လမ်းမပေါ်ရှိ ဆိုင် ၃၀ခန့် ပျက်စီးသွားခဲ့ကြောင်း၊ သေဆုံးသူများမှာ ရဲတပ်ဖွဲ့ဝင်လေးဦးနှင့် အရပ်သားနှစ်ဦးတို့ ဖြစ်ကြောင်း၊ ဒဏ်ရာရသူအများစုမှာ ရဲတပ်ဖွဲ့ဝင်များဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**



# နောက်ဆုံးရ နိုင်ငံတကာသတင်းများ

**မောင်ချစ်ကြည် - စုစည်းသည်**

## မက္ကဆီကိုပင်လယ်ကွေ့အတွင်း ရေနံများပျံ့နှံ့မှုဖယ်ရှား

*မက္ကဆီကိုပင်လယ်ကွေ့အတွင်း ရေနံများပျံ့နှံ့စီးဝင်မှုမရှိတော့ကြောင်း၊ ရေပြင်ပေါ်၌ ပျံ့နှံ့နေသော ရေနံများကို ဖယ်ရှားရှင်းလင်းနိုင်ပြီဖြစ်ကြောင်း ဘီပီရေနံကုမ္ပဏီက ဇူလိုင် ၁၆ရက်၌ သတင်းထုတ်ပြန်သည်။*

## ကိုလံဘီယာ၌ မိုးသည်းထန်မှုကြောင့် လူ ၅၀သေဆုံး

***ကိုလံဘီယာနိုင်ငံတစ်ဝန်းတွင် ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာ ရွာသွန်းပြီး မြေပြိုမှုများ ဖြစ်ပွားခဲ့သဖြင့် လူ ၅၀သေဆုံးပြီး ၁၀၀ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ကိုလံဘီယာအရာရှိများက ဇူလိုင် ၁၆ရက်၌ ပြောကြားသည်။***

## အင်ဒိုနီးရှား၌ နေစွမ်းအင် တိုးမြှင့်သုံးစွဲမည်

*အင်ဒိုနီးရှားနိုင်ငံသည် နေစွမ်းအင်ထုတ်ယူနိုင်ရေးအတွက် ယခုနှစ်အတွင်း ဂျာဗားကျွန်းတွင် အဆောက်အအုံများတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ယင်းစီမံကိန်းသည် အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၈ သန်းခန့် ကုန်ကျမည်ဖြစ်ကြောင်း၊ ပြည်သူများ နေစွမ်းအင်တိုးမြှင့်သုံးစွဲနိုင်မည်ဖြစ်ကြောင်း အင်ဒိုနီးရှားစွမ်းအင်အရာရှိများက ဇူလိုင် ၁၆ရက်၌ ပြောကြားသည်။*

## အီရန်သမ္မတက အာဖဂန်နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံ

***အီရန်သမ္မတ အာမက်ဒီနီဂျက်သည် အာဖဂန်နစ္စတန်နိုင်ငံခြားရေးဝန်ကြီး ဇာဗီရက်ဆူးနှင့် တီဟီရန်မြို့၌ ဇူလိုင် ၁၆ရက်က တွေ့ဆုံကာ နှစ်နိုင်ငံ အပြန်အလှန်ကူညီမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြောင်း အီရန်အရာရှိများက ပြောကြားသည်။***

## အီရန်တောင်ပိုင်း၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

*အီရန်နိုင်ငံတောင်ပိုင်း ဇာဟီဒန်မြို့တွင် ဇူလိုင် ၁၆ရက် နံနက်က အင်အားပြင်းထန်သော ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ လူ ၂၀ သေဆုံးပြီး ၁၀၀ကျော် ဒဏ်ရာရရှိခဲ့ကြောင်း အိုင်အာရ်အင်န်အေသတင်းဌာနက သတင်းထုတ်ပြန်သည်။* ***(အောက်ပုံ)***



## ဂျာမနီဝန်ကြီးချုပ် တရုတ်သို့ အလည်ခရီးရောက်ရှိ

*ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာဂဲလ်သည် တရုတ်နိုင်ငံသို့ အလည်အပတ်ခရီးအဖြစ် ဇူလိုင် ၁၆ရက်၌ ပေကျင်းမြို့သို့ရောက်ရှိပြီး တရုတ်သမ္မတ ဟူကျင်ထောင်းအပါအဝင် ထိပ်တန်းခေါင်းဆောင်များနှင့် တွေ့ဆုံကာ ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီမှုများရရှိရန် ဆွေးနွေးခဲ့ကြသည်။*

## အင်ဒိုနီးရှား၌ ကူဝိတ်ရင်းနှီးမြှုပ်နှံမည်

***အင်ဒိုနီးရှားနိုင်ငံ၏ စွမ်းအင်လုပ်ငန်းတွင် ကူဝိတ်ရေနံကော်ပိုရေးရှင်းက အမေရိကန်ဒေါ်လာ ၉ ဘီလီယံ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း၊ အနောက်ဂျာဗား ပြည်နယ်ရှိ ရေနံတူးဖော်ရေးလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်း ကူဝိတ်အရာရှိများက ဇူလိုင် ၁၆ရက်၌ သတင်းထုတ်ပြန်သည်။***

## တောင်ကိုရီးယားသည် တတိယမြောက်အသားတင်သွင်းမှုနိုင်ငံဖြစ်

*တောင်ကိုရီးယားနိုင်ငံသည် အမေရိကန်နိုင်ငံမှ အမဲသားတင်သွင်းမှုတွင် မက္ကဆီကိုနှင့်ကနေဒါနိုင်ငံတို့ပြီးလျှင် တတိယမြောက် အများဆုံးတင်သွင်းသည့် နိုင်ငံဖြစ်လာကြောင်း ပြီးခဲ့သည့် ဇန်နဝါရီမှ မေလအတွင်း အမဲသားတန်ချိန် ၃၇၁၁၇တန် တင်သွင်းခဲ့ကြောင်း တောင်ကိုရီးယားအရာရှိများက ပြောကြားသည်။*

## တောင်ကိုရီးယားနှင့် အမေရိကန်တို့ လုံခြုံရေး ကိစ္စဆွေးနွေးမည်

***တောင်ကိုရီးယားနှင့်အမေရိကန်နိုင်ငံတို့သည် နှစ်နိုင်ငံလုံခြုံရေးကိစ္စရပ်များကို လာမည့်သီတင်းပတ်အတွင်း တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ကြောင်း တောင်ကိုရီးယားစစ်ဘက်အရာရှိများက ဇူလိုင် ၁၆ရက်၌ သတင်းထုတ်ပြန်သည်။*** *။(အင်တာနက်)*

# အထူးကုဆေးရုံကြီးများ အဆင့်မြှင့်တည်ဆောက်မှု ကျန်းမာရေးဝန်ကြီး ဒေါက်တာကျော်မြင့် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၆**

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၁ရက် နံနက် ၉နာရီခွဲက မင်္ဂလာဒုံအထူးကုဆေးရုံကြီးသို့ သွားရောက်၍ ခုတင်(၁၀၀)ဆံ့ ဆေးရုံကြီး အဆင့်မြှင့်တင်ရေးတည်ဆောက်မှုလုပ်ငန်းနှင့် နာတာရှည် ဝေဒနာရှင်များအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု လုပ်ငန်းအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

ထို့နောက် ဝန်ကြီးသည် ဆေးရုံကြီးခန်းမဆောင်၌ ဆေးရုံအုပ်ကြီး၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဆေးရုံဝန်ထမ်းများနှင့် တွေ့ဆုံကာ ကျန်းမာရေးပညာပေးခြင်းနှင့် ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို အဓိကထား ဆောင်ရွက်သွားကြရေး မှာကြားသည်။

**ဖြည့်ဆည်း**

ယင်းနောက် အမျိုးသမီးလူနာကုသဆောင်၊ မီးဖိုချောင်၊ အမျိုးသားလူနာကုသဆောင်များနှင့် အဆောက်အအုံ တိုးချဲ့ဆောက်လုပ်ရေး လုပ်ငန်းခွင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ဖြည့်ဆည်းမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် သာကေတအထူးကုဆေးရုံကြီး အဆင့်မြှင့်တင်ပြုပြင်တည်ဆောက်မှုလုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး ဆေးရုံအတွင်းနှင့် အဆောက်အအုံသစ် တိုးချဲ့ဆောက်လုပ်မည့် မြေနေရာအခြေအနေများ၊ သာကေတ အထူးကုဆေးရုံကြီး တည်ဆောက်မည့်ပုံစံ (Proposal 3-D Layout Plan)တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## မင်္ဂလာဒုံအထူးကုဆေးရုံကြီး

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် မင်္ဂလာဒုံအထူးကုဆေးရုံကြီး၌ ခုတင်(၁၀၀)ဆံ့ ဆေးရုံကြီး အဆင့်မြှင့်တင်ရေး တည်ဆောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# လှော်ကားဥယျာဉ် ဖိတ်ခေါ် သစ်ပင်စိုက်ပျိုးပွဲ

**ရန်ကုန် ဇူလိုင် ၁၆**

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနနှင့် ထူးထရေးဒင်းကုမ္ပဏီတို့ ပူးပေါင်းစီစဉ်သည့် ၂၀၁၀ နိုင်ငံတကာ ဇီဝမျိုးစုံမျိုးကွဲနှစ် အထိမ်းအမှတ်အဖြစ် ဇူလိုင်လ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၁၇ရက်၊ ၁၈ရက်၊ ၁၉ရက်၊ ၂၄ရက်၊ ၂၅ရက်၊ ၂၆ရက်တို့တွင် နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ လှော်ကားသဘာဝဥယျာဉ်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတော်တွင် ဦးဆန်းလင်း၊ ဒေါ်သီတာလွင် မိသားစုနှင့် ထူးထရေးဒင်း ကုမ္ပဏီတို့က တိရစ္ဆာန်စားပင်နှင့် အရိပ်ရပင်ပေါင်း ၂၀၀၀၀တို့ကို လှူဒါန်းမည်ဖြစ်သည်။

သစ်ပင်များကို အခမဲ့ရယူ၍ အသင့်တူးထားသည့် မြေကျင်းတွင် စိုက်ပျိုးမည်ဖြစ်ပြီး သစ်ပင်စိုက်ပျိုးသူအမည်ကို စိုက်ပျိုးသည့်အပင်တွင် ကတ်ပြားချိတ်ဆွဲပေးထားပြီး အပင်ကြီးသည့်အခါ ကမ္ပည်းစာတမ်း ပြုလုပ်ပေး၍ ရာသက်ပန်ထိန်းသိမ်းပေးသွားမည်ဖြစ်ကြောင်း၊ ဥတုရာသီတောကိုမှီသဖြင့် ရာသီဥတု ပြောင်းလဲလာစေရေးအတွက် သစ်ပင်များ ပါဝင်စိုက်ပျိုးကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ငါးသယံဇာတ ထိန်းသိမ်းရေး ရေးမြို့နယ်၌ ဆွေးနွေးဟောပြော

**ရေး ဇူလိုင် ၁၆**

ရေးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသိန်းသန်းနှင့် ဝန်ထမ်းများ ဇူလိုင် ၆ရက် နံနက် ၁၀နာရီက ရေးမြို့နယ် အစင်-ခမင်းဆိပ်ကြီး ကျေးရွာမှ ကျောက်ပုစွန်လုပ်ငန်းရှင်များ၊ ရေလုပ်သားများနှင့်တွေ့ဆုံ၍ ငါးသယံဇာတထိန်းသိမ်းရေး ပညာပေးဟောပြောပွဲ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဦးသိန်းသန်းက ငါးသယံဇာတ မပြုန်းတီးစေရန်နှင့် စဉ်ဆက်မပြတ် ထုတ်လုပ်ဖမ်းဆီးနိုင်စေရန်အတွက် ငါး၊ ပုစွန်များ၏ မျိုးပွားရာသီချိန်တွင် ငါးရစ်၊ ငါးသန်များ ဖမ်းဆီးခြင်းမပြုရေး၊ တားမြစ်ထားသော ငါးအမျိုးအစား၊ အရွယ်အစား၊ အချိန်ကာလနှင့် နေရာဒေသများတွင် ငါးဖမ်းဆီးခြင်း မပြုရေးနှင့် ငါးလုပ်ငန်းဆိုင်ရာ ဥပဒေများကို ရှင်းလင်းပြောကြားပြီး အရွယ်အစားသေးငယ်သော ကျောက်ပုစွန်များ နှစ်စဉ်ဖမ်းဆီးခဲ့ခြင်းကြောင့် ရေလုပ်သားများအပေါ် ဆိုးကျိုးသက်ရောက်မှု ၁၀၀ဂရမ်အောက် ကျောက်ပုစွန်များ ဖမ်းဆီးခြင်း မပြုရေး ပညာပေး ဆွေးနွေးဟောပြောခဲ့ကြောင်းသိရသည်။ **(ငါးလုပ်ငန်းဦးစီးဌာန)**





## မြက်များရှင်းလင်း

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပစေရေးအတွက် ကန်တော်ကြီးလမ်းဘေးဝဲယာ မြက်များရှင်းလင်းဆောင်ရွက်နေမှုကို ဇူလိုင် ၅ရက်က လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဦးလေးနှင့် ဦးစီးအရာရှိ ဦးဝင်းဆန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

# မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး ဆိုင်းဘုတ်တင်ပွဲနှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲ ငါန်းဇွန်မြို့နယ်၌ ကျင်းပ

**ငါန်းဇွန် ဇူလိုင် ၁၆**

မန္တလေးတိုင်း ငါန်းဇွန်မြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံးဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို ဇွန် ၅ရက် နံနက် ၉နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝင်းအတွင်းရှိ အဆိုပါရုံးရှေ့၌ ကျင်းပရာ ခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးကံထွန်းနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုးဝင်းတို့က ဖဲကြိုးဆွဲ ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း ဖွင့်ပွဲအခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။

**ဆွေးနွေးပို့ချ**

သင်တန်းဖွင့်ပွဲတွင် ခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးကံထွန်းက အမှာစကားပြောကြားပြီးနောက် တက်ရောက်လာကြသည့် ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များအား ခရိုင်/မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ရွေးကောက်ပွဲဆိုင်ရာများကို ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



# စိုက်ပျိုးရေး နည်းပညာသင်တန်း ရမည်းသင်း၌ ပို့ချ

**ရမည်းသင်း ဇူလိုင် ၁၆**

ရမည်းသင်းခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာရုံး သင်တန်းခန်းမ၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း(ရုံးချုပ်)မှ ဒေါက်တာကြည်မြင့် ဦးဆောင်ပြီး အဖွဲ့ဝင်လေးဦးပါဝင်သောအဖွဲ့သည် ဇွန် ၂၆ရက်က စိုက်ပျိုးပညာပေးရေး ဝန်ထမ်းများ နည်းပညာတိုးတက်မြင့်မားရေး သင်တန်း ပို့ချသည်။

**ဆွေးနွေးပို့ချ**

အဆိုပါသင်တန်းတွင် စပါးသီးနှံအတွက် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ အချိုးညီစွာ ထိရောက်မှုရှိရန် သုံးစွဲရေး၊ မြေဆီလွှာ ထက်သန်ရေးအတွက် ထိန်းသိမ်းရေးနှင့် ပြုပြင်ရေး၊ အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်း မျိုးသန့် ထုတ်လုပ်ရေး၊ စပါးသီးနှံတွင် ကျရောက်သည့် ရောဂါနှင့်ပိုးမွှားခွဲခြားသိရှိရန်နှင့် ကာကွယ်နှိမ်နင်းရေးကို ဆွေးနွေးပို့ချသည်။ **(ခရိုင် ပြန်/ဆက်)**

## သတိပေးနှိုးဆော်ချက်

*ရန်ကုန်မြို့အတွင်း သွားလာလျက်ရှိသည့် အချို့မော်တော်ယာဉ်များသည် ယာယီနံပါတ်အမျိုးမျိုးအား တပ်ဆင်သွားလာလျက်ရှိကြောင်းတွေ့ရှိရပါသည်။ ထိုသို့ သွားလာလျက်ရှိရာတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတ်မှတ်ပေးထားသည့် စက်မှုဇုန်ထုတ် ယာယီနံပါတ် ခွင့်ပြုကာလ နှစ်လ၊ လေလံနံပါတ် ခွင့်ပြုကာလ သုံးလကိုသာ တပ်ဆင်၍ စည်းကမ်း သတ်မှတ်ချက်နှင့်အညီ သွားလာကြရန်နှင့် သတ်မှတ်ထုတ်ပေးထားခြင်း မရှိသော ယာယီနံပါတ်များ တပ်ဆင်မောင်းနှင်နေခြင်းအားစစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။*

*ရန်ကုန်တိုင်း*
*ယာဉ်စည်းကမ်းထိန်းသိမ်းရေး*
*ကြီးကြပ်မှုကော်မတီ*

မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုကို ဇူလိုင် ၂ရက်က အနောက်ပိုင်းခရိုင်မီးသတ်ဦးစီးအရာရှိ ဦးဇော်ဝင်း ကြီးကြပ်မှုဖြင့် အနောက်ပိုင်းခရိုင်ဈေးများဌာနမှူး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ၊ ဈေးသာယာရေးကော်မတီ၊ ဘုရင့်နောင် မီးသတ်စခန်း စခန်းမှူး ဦးအောင်လင်းဦးတို့က ကွင်းဆင်းစစ်ဆေး ဆောင်ရွက်စဉ်။ (၁၁၁)



# ဇွန်လအတွင်း မူးယစ်ဆေးဝါး အမှု ၁၈၉ မှု၊ တရားခံ ၃၁၇ ဦး ဖမ်းဆီးအရေးယူခဲ့

**နေပြည်တော် ဇူလိုင် ၁၆**

၂၀၁၀ခုနှစ် ဇွန်လအတွင်း တာဝန်ရှိသူများသည် မူးယစ်ဆေးဝါးအမှုပေါင်း ၁၈၉မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၃၄မှု (အလေးချိန် ၂၃ဒသမ၃၀၇၈ ကီလိုဂရမ်)၊ ဘိန်းဖြူ ၄၆မှု (အလေးချိန် ၁ ဒသမ ၁၀၁၇ ကီလိုဂရမ်)၊ ဘိန်းဆီခဲ ၇မှု (အလေးချိန် ၀ ဒသမ ၉၉၀၈ ကီလိုဂရမ်)၊ အဆင့်နိမ့်ဘိန်း ၁၇မှု (အလေးချိန် ၇ဒသမ ၉၄၄၇ ကီလိုဂရမ်)၊ ဆေးခြောက် ၁၃ မှု (အလေးချိန် ၂ ဒသမ ၇၆၇၄ ကီလိုဂရမ်)၊စိတ်ကြွရူးသွပ်ဆေးပြား ၅၈မှု (၁၇၆၅၀၂ပြား)၊ ဘိန်းစာမှုန့် ၆မှု (၈ ဒသမ ၀၁၃၂ ကီလိုဂရမ်)၊ ဘိန်းရည် ၂မှု (အလေးချိန် ၀ ဒသမ ၂၁၇ လစ်တာ)၊ အိုက်(စ်) ၁မှု(အလေးချိန် ၀ ဒသမ ၉၅၅ ကီလိုဂရမ်)၊ ဆူဒိုအက်ဖီဒရင်း ၁ မှု (ဆေးပြား ၅၉၃၈၅၇ပြား)၊ အက်ဖီဒရင်း ၁မှု (အလေးချိန် ၆ကီလို၊ အယ်ပရာဇိုလမ် ၇၃ပြား)၊ နိုက်ထရစ်အက်စစ် (အလေးချိန် ၂၀ ဒသမ ၄၇၅ လစ်တာ)၊ မှတ်ပုံတင်ပျက် ၂မှု၊ အခြားအမှု ၁မှုတို့ ဖြစ်သည်။

**ဖမ်းဆီးအရေးယူ**

အမှုပေါင်း ၁၈၉မှုတွင် တရားခံ ကျား၂၄၄ဦးနှင့် မ ၇၃ဦး စုစုပေါင်း ၃၁၇ ဦးတို့ကို ဖမ်းဆီးအရေးယူခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပြန်ကြားရေးဝန်ကြီးဌာန တတိယပတ်မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ဝန်ကြီးဦးကျော်ဆန်း ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေး

## တစ်ဖက်ပိတ်ဆည်အတွင်း ငါးသားပေါက်များစိုက်ထည့်

နေပြည်တော် ဇူလိုင် ၁၆

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဦးကျော်ဆန်းသည် ယနေ့နံနက် ၈နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ကျင်းပသည့် ၂၀၁၀ခုနှစ် တတိယပတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲတို့သို့ တက်ရောက်၍ အထိမ်းအမှတ် ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးပြီး ငါးမျိုးစိုက်ထည့်ပေးသည်။**

### တက်ရောက်

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးဦးကျော်ဆန်းသည် ပြန်ကြားရေးဝန်ကြီးဌာန တတိယပတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် သတ်မှတ်နေရာ၌ ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးသည်။ **(အောက်ပုံ)**

ထို့နောက် ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် ရတနာတန်းဝင် ကျွန်းပင်များကို စိုက်ပျိုးပေးကြသည်။

### အားပေးစကားပြောကြား

ယင်းနောက် ဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများသည် ဝန်ထမ်းများစုပေါင်း၍ သစ်ပင်များစိုက်ပျိုးနေမှုနှင့် ပေါင်းသင်မြေဆွပြုလုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးစကားပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ဝန်ကြီးရုံးမျက်နှာစာရှေ့ရှိ တစ်ဖက်ပိတ်ဆည်အတွင်းသို့ ငါးသားပေါက်များကို စိုက်ထည့်ပေးသည်။





ထို့နောက် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက တစ်ဖက်ပိတ်ဆည်အတွင်းသို့ ငါးမျိုးများ စိုက်ထည့်ပေးကြသည်။

### ငါးမျိုးများစိုက်ထည့်

အလားတူ တာဝန်ရှိသူများနှင့် ဝန်ထမ်းများကလည်း ဝန်ကြီးရုံးဆည်အမှတ် (၃၈) အတွင်းသို့ ငါးမျိုးများစိုက်ထည့်ပေးကြသည်။

လည်း ၂၀၁၀ခုနှစ် တတိယပတ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲများကို အသီးသီးကျင်းပကြရာ ဝန်ထမ်းများစုပေါင်း၍ သစ်ပင်များကို စိုက်ပျိုးကြသည်။

ယနေ့ကျင်းပသည့် ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၁၀ ခုနှစ် တတိယပတ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ကျွန်း၊ သရက်ပင်နှင့် နှစ်ရှည် စားပင်၊ အရိပ်ရလေကာပင်များ စိုက်ပျိုးကြရာ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်

ယခုနှစ် မိုးရာသီတွင် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် စီမံချက်ချ စိုက်ပျိုးလျက်ရှိရာ ယနေ့အထိ သရက်ပင် ၃၄၀၃ပင်၊ ကျွန်း၊ ပျဉ်းကတိုးနှင့် အရိပ်ရလေကာပင်၊ နှစ်ရှည်သီးပင် စားပင် ၂၆၅၀၀ စုစုပေါင်း ၂၉၉၀၃ပင် စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် လာမည့်အပတ်များတွင်လည်း ဌာနအလိုက် ထပ်မံစိုက်ပျိုးသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

ထို့အတူ နေပြည်တော်တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း နေပြည်တော် ပုံနှိပ်စက်ရုံနှင့် သတင်းနှင့်စာနယ်ဇင်း လုပ်ငန်း နေပြည်တော်သတင်းစာတိုက်တို့၌ လုပ်ငန်းများမှ ကျွန်းပင် ၄၅၀၊ နှစ်ရှည် သီးပင်၊ စားပင်၊ အရိပ်ရလေကာပင် ၁၇၀၀ စုစုပေါင်း အပင်၂၁၅၀ကို စိုက်ပျိုးကြပြီး ငါးသားပေါက်ကောင်ရေ ၄၅၀၀၀ကို စိုက်ထည့်ပေးကြသည်။

### ငါးသားပေါက်များစိုက်ထည့်

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဦးကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာန ရုံးမျက်နှာစာရှေ့ရှိ တစ်ဖက်ပိတ်ဆည်အတွင်းသို့ ငါးသားပေါက်များကို စိုက်ထည့်ပေးစဉ်။** (သတင်းစဉ်)

# နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ

## ပထမအဆင့်အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

**နေပြည်တော် ဇူလိုင် ၁၆**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်သည် ယနေ့ညနေ ၄ နာရီတွင် နေပြည်တော် လယ်ဝေး ဘောလုံးအားကစားပြိုင်ကွင်း၌ကျင်းပသော စတုတ္ထအကြိမ်မြောက် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်ကို တက်ရောက်ကြည့်ရှု အားပေးသည်။

### တက်ရောက်အားပေး

အဆိုပါပြိုင်ပွဲသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ အားကစားဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

နေပြည်တော်လယ်ဝေး ဘောလုံးအားကစားပြိုင်ကွင်း၌ကျင်းပသော ပွဲစဉ်၌ (စ)အုပ်စုမှ အားကစားဝန်ကြီးဌာနအသင်းက ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အလားတူ နေပြည်တော်ဘောလုံးအားကစားပြိုင်ကွင်း၌ကျင်းပသော ပွဲစဉ်၌ (င)အုပ်စုမှ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ နေပြည်တော်ပေါင်းလောင်း ဘောလုံးအားကစားပြိုင်ကွင်း၌ကျင်းပသော ပွဲစဉ်၌ (င)အုပ်စုမှ စွမ်းအင်ဝန်ကြီးဌာနအသင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

### ယှဉ်ပြိုင်ကစား

ဇူလိုင် ၁၇ရက် ပွဲစဉ်များအဖြစ် နေပြည်တော်အားကစားပြိုင်ကွင်း၌ (စ)အုပ်စုမှ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနအသင်း၊ နေပြည်တော်ပေါင်းလောင်းအားကစားပြိုင်ကွင်း၌ (ဆ)အုပ်စုမှ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းနှင့် သာသနာရေးဝန်ကြီးဌာနအသင်း၊ နေပြည်တော်လယ်ဝေး အားကစားပြိုင်ကွင်း၌ (ဆ)အုပ်စုမှ အလုပ်သမားဝန်ကြီးဌာနအသင်းနှင့် တရားရုံးချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ပုသိမ်မြို့ရေစီးရေလာကောင်းမွန်ရေးအတွက် ဗိုလ်ဘဌေးလမ်း ရေနုတ်မြောင်းကို ယန္တရားများဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဇူလိုင် ၁၁ရက်က ဆောင်ရွက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မင်းနိုင်နှင့် အင်ဂျင်နီယာမှူး ဦးစတင့်ဝေတို့ ကြီးကြပ်ဆောင်ရွက်စဉ်။** (သတင်းစဉ်)

# အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်

*နေပြည်တော် ဇူလိုင် ၁၆*

*ယနေ့မွန်းလွဲ ၁နာရီ ၅၄မိနစ် ၃၆စက္ကန့်တွင် မန္တလေး မြေငလျင်တိုင်းထွာရေးစခန်းမှ အနောက်ဘက် ၂၅မိုင်ခန့် ကွာဝေးသောနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။* *(သတင်းစဉ်)*

# မုတ်သုံလေ အားအသင့်အတင့်ရှိ

နေပြည်တော် ဇူလိုင် ၁၆

**ယနေ့နံနက် ၉နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်၊ မကွေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

**ထူးခြားသည့်အခြေအနေမှာ** ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂နာရီခွဲ တိုင်းထွာချက်အရ ယမန်နေ့က တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အားကောင်းသည့် အပူပိုင်းမုန်တိုင်း (ကွန်ဆွန်)သည် ဗီယက်နမ်နိုင်ငံ ဟန်ွိုင်းမြို့၏ အရှေ့တောင်ဘက် မိုင် ၃၃၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းသည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

**ဇူလိုင် ၁၇ရက် ညနေအထိ ခန့်မှန်းချက်မှာ** ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်** ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

**ဇူလိုင် ဒုတိယပတ်ကုန် ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ** လာမည့် သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

*O ရှေ့ဖုံးမှ*

### ထည့်နိုင်

ယင်းမော်တော်ကားပုံသည် ပေါင် ၁၄၄၀အလေးချိန်ရှိပြီး သိမ်းနိုင်၊ ထုတ်နိုင်သော လေယာဉ်တောင်ပံများလည်း ပါရှိသည်။ ၄င်းကားသည် အမေရိကန်ရှိ မည်သည့်ဓာတ်ငွေ့အရောင်းဆိုင်မဆို ဝင်ရောက် ဓာတ်ငွေ့ထည့်နိုင်သည်။ လေဆိပ်ငယ်များတွင်လည်း ဆင်းနိုင်၊ တက်နိုင်သည်။

### ပြောကြား

အဆိုပါမော်တော်ကားပျံကို ယခုအခါ မှာယူသူအရေအတွက်မှာ လူ ၇၀ ရှိနေပြီဖြစ်ကြောင်း၊ ကားတစ်စီးတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၉၄၀၀၀ ရှိမည်ဖြစ်ကြောင်း၊ လာမည့်နှစ်မှစပြီး ကားပျံများ မှာယူထားသူ များထံသို့ အရောက်ပို့ပေးသွားမည် ဖြစ်ကြောင်း ကုမ္ပဏီဒုတိယဥက္ကဋ္ဌ ရစ်ချတ်ဂါးန်ုက ပြောကြားသည်။

### ပျံသန်းနိုင်

ဤသို့ တီထွင်ထုတ်လုပ်နိုင်မှုကြောင့် အနာဂတ်တွင် မော်တော်ကားပျံများ တိုးပွားလာလိမ့်မည်ဖြစ်ကြောင်း၊ ယင်း မော်တော်ကားပျံမှာ တစ်နာရီလျှင် ၁၁၅မိုင်နှုန်းဖြင့် အနည်းဆုံး မိုင် ၄၆၀ပျံသန်းနိုင်မည်ဖြစ်ကြောင်း ၄င်းက ပြောကြားသည်။

**(အင်တာနက်)**



# အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီး ဦးဇော်မင်းအား အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၆**

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဦးဇော်မင်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး Dr.Villur Sundararajan Seshadri သည် ဇူလိုင် ၁၄ရက် ညနေပိုင်းက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ဝန်ကြီး၏ရုံးခန်းမ၌ လာရောက်တွေ့ဆုံပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

**တက်ရောက်**

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# MCC Training Institute (ရတနာပုံ)၌ AIT ၏ အင်ဂျင်နီယာဘွဲ့ သင်တန်းများဖွင့်လှစ်မည်

**နေပြည်တော် ဇူလိုင် ၁၆**

ရတနာပုံနည်းပညာမြို့သစ်၌ တည်ထောင်ဖွင့်လှစ်ထားသည့် MCC Training Institute (ရတနာပုံ)၏ School of ICT မှ ကွန်ပျူတာသိပ္ပံဘွဲ့သင်တန်းများ ဖွင့်လှစ်လျက်ရှိရာ အသစ်ဖွင့်လှစ်မည့် School of Engineering မှ နည်းပညာဆိုင်ရာ အင်ဂျင်နီယာဘွဲ့သင်တန်းများကို မကြာမီ တိုးချဲ့ဖွင့်လှစ် သင်ကြားပေးတော့မည်ဖြစ်ကြောင်း သိရသည်။

**ဖွင့်လှစ်**

Asian Institute of Technology နှင့် MCC Training Institute (ရတနာပုံ)တို့ပူးပေါင်းပြီး AIT၏ နည်းပညာအင်ဂျင်နီယာဘွဲ့သင်တန်းများကို သင်ကြားပေးမည့် အစီအစဉ်တစ်ခုဖြစ်သည်။ MCC Training Institute (ရတနာပုံ)၌ AITမှ ချီးမြှင့်သည့် B.S.E (Telecommunications,Electronics, Mechatronics) သင်တန်းများကို ၂၀၁၀ခုနှစ် စက်တင်ဘာလတွင် စတင်ဖွင့်လှစ်တော့မည်ဖြစ်သည်။

သင်တန်းကာလမှာ ငါးနှစ်ဖြစ်ပြီး ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်များကို MCC Training Institute (ရတနာပုံ)၌ တက်ရောက်ရမည်ဖြစ်ကာ စတုတ္ထနှစ်နှင့် ပဉ္စမနှစ်များကို AIT (Main Campus) တွင် သင်ကြားရမည်ဖြစ်သည်။ သင်တန်းတက်ရောက်ရန် အနိမ့်ဆုံးပညာအရည်အချင်းမှာ တက္ကသိုလ်ဝင်တန်းအောင်မြင်ရမည်ဖြစ်ပြီး အနည်းဆုံးရမှတ် စုစုပေါင်း ၃၀၀ရှိရမည်။ ကျောင်းဝင်ခွင့်လျှောက်လွှာများကို စတင်လက်ခံနေပြီး လျှောက်လွှာတွင် ပညာအရည်အချင်းထောက်ခံချက်၊ အမှတ်စာရင်း၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်း (မိတ္တူ)များကို ပူးတွဲဖော်ပြရမည်။

**ဆက်သွယ်နိုင်**

ကျောင်းဝင်ခွင့် လျှောက်လွှာများကို ရယူရန်နှင့် အသေးစိတ်စုံစမ်းလိုပါကMCC(ရုံးချုပ်) အဆောင် (၃-၄) သိမ်ကြီးဈေး (စီ-ရုံ) တတိယထပ် ရွှေတိဂုံဘုရားလမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၂၄၅၇၅၈၊ ၂၄၅၇၆၂၊ ၂၄၉၁၅၂၊၂၄၆၆၃၄နှင့် MCC Training Institute (ရတနာပုံ) Incubation Center-No(3) ရတနာပုံ နည်းပညာမြို့သစ် ပြင်ဦးလွင် ဖုန်း-၀၂-၇၈၁၁၂၊ ၀၂-၇၈၁၁၄တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ ဆိုင်းဘုတ်တင်ပွဲ တွံတေးမြို့နယ်၌ ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၆**

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် အရိုးတောင်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ ဆိုင်းဘုတ်တင်ပွဲကို ဇူလိုင် ၁၂ရက် မွန်းလွဲ၁နာရီက ကော်မရှင်အဖွဲ့ခွဲရုံးရှေ့၌ကျင်းပရာ တွံတေးမြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသောင်းရွှေ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးဘသန်းနှင့် အရိုးတောင်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသံချောင်းတို့က ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက ကော်မရှင်ဆိုင်ရာလုပ်ငန်းများ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးဘသန်းက ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း/ရေ/လေ) ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# (၁၉)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း/ရေ/လေ)ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၁၆**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း/ရေ/လေ) ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၄ရက် နံနက်ပိုင်းက ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အဆိုပါပြိုင်ပွဲကို တပ်မတော် (ကြည်း/ ရေ/လေ)မှ ပြိုင်ပွဲဝင်အသင်း ၂၂သင်း ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ **(သတင်းစဉ်)**





# သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေး အင်းစိန်မြို့နယ် ကမ်းနားအလယ်ရပ်ကွက်၌ ဟောပြော

**ရန်ကုန် ဇူလိုင် ၁၆**

အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေး ဟောပြောပွဲအခမ်းအနားကို ဇူလိုင် ၁၄ရက် မွန်းလွဲ ၁နာရီက ကမ်းနားအလယ်ရပ်ကွက် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဟောပြော**

အခမ်းအနားတွင် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန့်ဇင်က အမှာစကားပြောကြားပြီး **(ယာပုံ)**မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နှင်းကြည်က သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအကြောင်း သိကောင်းစရာများ ဟောပြောသည်။ ဆက်လက်၍ ရပ်ကွက်ပြည်သူများက သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေး စီမံချက်ပါ အကြောင်းအရာများကို ဆွေးနွေးကြသည်။ **(ခရိုင် ပြန်/ဆက်)**



# မြဝတီရုပ်မြင်သံကြား

**၁၇-၇-၂၀၁၀ (စနေနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

**နေ့လယ်ပိုင်း**

- ၁၁း၀၀ ၁။ မြဝတီအဖွင့်
- ၁၁း၀၅ ၂။ အဖွင့်သီချင်း
- ၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁း၃၀ ၄။ ကာတွန်းအစီအစဉ် **အမွှာစုံထောက်** (အပိုင်း-၂၁)
- ၁၂း၀၀ ၅။ ရုပ်မြင်သံကြားဇာတ်လမ်း **အမုန်းပြုစားတဲ့အချစ်** နေတိုး၊ နန်းဆုရတီစိုး၊ စိုးပြည့်သဇင်၊ (ဒါရိုက်တာ- ထူးသာ)
- ၁၃း၃၀ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၄း၀၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ချစ်ရိပ်** (အပိုင်း-၅၂)

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၃၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄း၃၅ ၄။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၄း၄၅ ၅။ မြန်မာသံစဉ် ချိုနားဝင်
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၀၀ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၅း၂၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၄၀ ၉။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၂။ လျှပ်တစ်ပြက်
- ၆း၃၀ ၁၃။ **စားဖို ဆောင် ချစ် သူ**
- ၆း၄၅ ၁၄။ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
- ၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စိမ်းရောင်ခြယ်လှည်းကလေး** (အပိုင်း-၃၀)
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ နိုင်ငံတကာသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ လူရွှင်တော်စတား
- ၂၁။ အင်္ဂလိပ်စာသုတ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူ့ရဲကောင်း** (အပိုင်း-၆၁)
- ၂၄။ **လင်းရောင်စဉ်အတွက် ပုံရိပ်များ** (အပိုင်း-၁၀)

# ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ လှည်းကူးမြို့နယ်တွင် အိမ်တိုင်ရာရောက်ဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၁၆**

လှည်းကူးမြို့နယ် ကျန်းမာရေးကော်မတီ၏ ဦးဆောင်မှုဖြင့် လှည်းကူးမြို့နယ် ကျန်းမာရေးဌာနဦးစီးမှူးနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများ၊ မော်ဘီဇုန်အနာကြီးရောဂါတိုက်ဖျက်ရေးဆရာဝန်ကြီး၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ နာတာရှည်ရောဂါဝေဒနာရှင်များအတွက် ပြည်သူလူထုအခြေပြုအိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းကို ဇူလိုင် ၉ရက်က မြို့နယ်ပြည်သူ့ဆေးရုံ၌ ကျင်းပရာ သက်ဆိုင်ရာ ရောဂါအလိုက် ဆရာဝန်ကြီးများက ပညာပေးဟောပြောသည်။

**ဆောင်ရွက်**

အဆိုပါအဖွဲ့သည် လှည်းကူးမြို့နယ် မြို့ပေါ်ငါးရပ်ကွက်ရှိ နာတာရှည် ရောဂါဝေဒနာရှင်များအား အိမ်တိုင်ရာရောက် ကျန်းမာရေးစစ်ဆေးခြင်း၊ ဆေးဝါးကုသပေးခြင်း၊ ကျန်းမာရေးပညာပေးခြင်းနှင့် အာဟာရများထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ **(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)**



17-7 (07).pmd 1 7/17/2010, 12:56 AM



နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်း (ကင်းသာ-ကိုးကွေ့) အပိုင်းရှိ လမ်းညွှန်ဆိုင်းဘုတ်ကို ဤသို့ တွေ့မြင်ရသည်။

*✻ ကျောဖုံးမှ*

## ခရီးဆက်ထွက်

၂၀၁၀ခုနှစ် ဇူလိုင်လ ၂ရက်နေ့ နေပြည်တော်ပျဉ်မနား-ပင်လောင်းလမ်း(ကင်းသာ-ကိုးကွေ့) အပိုင်းအဆင့်မြင့် ကတ္တရာလမ်းဖွင့်ပွဲအကြိုနေ့ကဖြစ်သည်။ နေပြည်တော်လေဆိပ်မှ စာရေးသူတို့ကို တင်ဆောင်လာသော ကားကလေးသည် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် (၂၇၁/၄)မှ ခွဲထွက်၍ အရှေ့ဘက်ရှမ်းရိုးမဆီသို့ ဦးတည်မောင်းနှင်နေသည်။ သွားခဲ့သည့် အကြောင်းရင်းကား နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်း (ကင်းသာ-ကိုးကွေ့)အပိုင်း မိုင် ၂၀၊ ၃ဖာလုံအဆင့်မြင့်ကတ္တရာလမ်းဖွင့်ပွဲမတိုင်မီ အဆိုပါလမ်းကို လေ့လာနိုင်ရန် လမ်းအထူးအဖွဲ့(၁၃)မှ ဒုတိယအင်ဂျင်နီယာချုပ် ဦးသိန်းဇော်စီစဉ်ပေးမှုဖြင့် အငယ်တန်းအင်ဂျင်နီယာ-၁(မြို့ပြ) ဦးသန်းအေး မောင်းနှင်သည့် ကားကလေးနှင့် ခရီးထွက်ခဲ့ခြင်းဖြစ်သည်။ ကင်းသာမှစထွက်ခဲ့ပြီး လုံးထို၊ လက်ဆွဲ၊ ဇဒင်စသည့် ရှမ်းရွာကလေးများကိုဖြတ်၍ ကိုးကွေ့သို့ရောက်သည်။ လမ်းအထူးအဖွဲ့(၁၃)မှ အင်ဂျင်နီယာမှူး ဦးမြင့်ဦးက ကြိုဆို၍ ကြိုရောက်နေသော ရှမ်းပြည်နယ်(တောင်ပိုင်း)မှ အင်ဂျင်နီယာမှူးကြီး ဦးကျော်ရှိန်းနှင့် မိတ်ဆက်ပေးသည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ အင်ဂျင်နီယာမှူးကြီး၏ ဖိတ်ခေါ်ချက်အရ စာရေးသူတို့အဖွဲ့သည် ကိုးကွေ့မှပင်လောင်းဘက်သို့ ခရီးဆက်ထွက်ခဲ့ကြပြန်သည်။

"လှလိုက်သည့်မြင်ကွင်း" စာရေးသူသည် သတင်းသမားတစ်ဦးဖြစ်၍ ခရီးများများသွားဖူးပါသည်။ သို့သော် ဤ နေပြည်တော်ပျဉ်းမနား-ပင်လောင်းသွား တောင်ပေါ်ကားလမ်း၏အလှက တစ်မျိုးဆန်းသည်။ တောင်စဉ်တောင်တန်းများပေါ်၌ ဖောက်လုပ်ထားသောလမ်းဖြစ်သောကြောင့် တောတောင်တို့၏ သဘာဝအလှများကို ကားပေါ်မှ လှမ်း၍မြင်ရသလို မိုးဦးကာလဖြစ်၍ တောင်ပေါ်ချောင်းကလေးများမှ ရေစီးသံများ၊ တောပန်းတို့၏ရနံ့များကြောင့် စိတ်အစဉ်တို့က လန်းဆန်းနေသည်။

## လိန်းလီသို့ရောက်

တောင်ကျရွာကိုကျော်တော့ ရေပူစမ်းသို့ ခေတ္တဝင်ဖြစ်သည်။ နယ်စပ်/စည်ပင်မှ တာဝန်ယူဆောင်ရွက်နေသည့် ထိုရေပူစမ်းကပြန်ထွက်ပြီး မိုးတုန်း၊ လုံးကဲ၊ ပြီးတော့ လိန်းလီသို့ရောက်သည်။ လိန်းလီတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းက တည်ဆောက်နေသည့် မြန်မာပြည်တွင် အမြင့်ဆုံးနှင့် ကားတစ်စီးချင်း ၇၅တန် ခံနိုင်ဝန်ရှိမည့် ကြိုးတံတားကြီးကို ဆောက်လက်စဖြင့် တွေ့ခဲ့ရသည်။

စာရေးသူ၏ နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်း လေ့လာရေးခရီးကို တည်ဆောက်ဆဲလိန်းလီကြိုးတံတားမှ လှည့်ပြန်ခဲ့သည်။ မနက်ဖြန် ကင်းသာတွင်ကျင်းပမည့် နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်း(ကင်းသာ-ကိုးကွေ့)လမ်းဖွင့်ပွဲ အခမ်းအနား တက်ရောက်ရဦးမည် ဖြစ်သောကြောင့်ပင်တည်း။

## လိန်းလီကြိုးတံတား

ထို့ကြောင့် ကျွန်တော်သည် ပင်လောင်းမရောက်ခင် ဖြတ်သန်းရဦးမည့် ရှမ်းရွာကလေးများဖြစ်သော နန်းပန်၊ ကုန်းစီ၊ ဇာက၊ ယင်းမှီတို့ကို ဆောက်လက်စ လိန်းလီကြိုးတံတားကြီးပေါ်မှ လက်ပြနှုတ်ဆက်လိုက်ပါတော့သည်။

၂၀၁၀ခုနှစ် ဇူလိုင်လ ၃ရက်နေ့ နေပြည်တော်ပျဉ်းမနား-ပင်လောင်းကားလမ်း (ကင်းသာ-ကိုးကွေ့)အဆင့်မြင့် ကတ္တရာလမ်းဖွင့်ပွဲအခမ်းအနားကို အဆိုပါလမ်းမိုင်တိုင် အမှတ်(၀/၀)ရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ကျွန်တော်သည် စင်မြင့်ရှေ့ရှိ မဏ္ဍပ်အတွင်း၌ ဒေသခံပြည်သူများနှင့်အတူ နေရာယူထားသည်။



## အမှာစကားပြောကြာ

အဆိုပါ အဆင့်မြင့် ကတ္တရာလမ်းဖဲ
နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချ
ပြောကြားရာ၌ နိုင်ငံတော်အကြီးအကဲ ဗို
ခေတ်မီနိုင်ငံတော်တည်ဆောက်ရေးနှင့် ပြည
ဘ၀ ဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွ
ကဏ္ဍမှပါဝင်ကြောင်း၊ လမ်းပန်းဆက်သွယ်







**နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်း**

နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်း (ကင်းသာ-ကိုးကွေ့) အပိုင်း မိုင် ၂၀ ၃ဖာလုံ ကတ္တရာလမ်းသစ်ကို တွေ့ရစဉ်။

**ကင်းသာ-ကိုးကွေ့အပိုင်း**

ဘတ်(စ်)ကားကြီးများ မောင်းနှင်အသုံးပြုနိုင်သည်အထိ ဖောက်လုပ်ထားသော နေပြည်တော် ပျဉ်းမနား-ပင်လောင်းလမ်း (ကင်းသာ-ကိုးကွေ့) အပိုင်းကို ဤသို့ တွေ့ရသည်။

17-7 (08-09).pmd 1 7/17/2010, 12:56 AM

**နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်း(ကင်းသာ-ကိုးကွေ့) အပိုင်း ကတ္တရာလမ်း ဖွင့်ပွဲအခမ်းအနားကို ဇူလိုင်လ ၃ရက်နေ့က ကျင်းပစဉ်။**



## အမှာစကားပြောကြား

အဆိုပါ အဆင့်မြင့် ကတ္တရာလမ်းဖဲကြိုးဖြတ်မဖွင့်မီ ရှေးဦးစွာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က အမှာစကား ပြောကြားရာ၌ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ခေတ်မီနိုင်ငံတော်တည်ဆောက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားရေး ဘဝ ဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်ရေးကဏ္ဍသည် အဓိက ကဏ္ဍမှပါဝင်ကြောင်း၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်၍ လွယ်လင့်တကူ ဆက်သွယ်ဆောင်ရွက်နိုင်မှသာ စီးပွားရေး၊ လူမှုရေးတို့ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း စသည်ဖြင့် လမ်းများကွန်ရက်သဖွယ် ဖောက်လုပ်တည်ဆောက်ရသည့် ရည်ရွယ်ချက်ကို လမ်းညွှန်မိန့်ကြားခဲ့ကြောင်း၊ ယခုကဲ့သို့ လမ်းတံတားများကို တိုးချဲ့ဖောက်လုပ် တည်ဆောက်ပေးနိုင်သည့်အတွက် ပြည်နယ်နှင့်တိုင်း များရှိ ဒေသများသည် တစ်ဆက်တစ်စပ်တည်း ကွန်ရက်သဖွယ် အချိတ်အဆက်ရှိလာပြီး ဆက်သွယ် သွားလာမှု လွယ်ကူလျက် ကုန်သွယ်မှုလုပ်ငန်းများလည်း တိုးတက်မြန်ဆန်လာသည်ကို တွေ့မြင်နေကြရပြီ ဖြစ်ကြောင်း····။ ထို့ကြောင့် ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားပြီး ငွေကြေးအမြောက်အမြား အကုန်အကျခံကာ တည်ဆောက်ပေးနေခြင်းဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်ငန်းများက ဝင်ငွေများ ပိုမိုရလာရန်နှင့် နိုင်ငံခြားပို့ကုန်သီးနှံများ ပိုမိုထွက်ရှိလာရန် ပိုမိုစိုက်ပျိုးထုတ်လုပ်ကြရမည်ဖြစ်ကြောင်း၊ နောင် သားစဉ်မြေးဆက်များအတွက်လည်း ကောင်းသော လက်ဆင့်ကမ်းအမွေများ ပေးနိုင်ရန်နှင့် လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အနေဖြင့် စီမံကိန်းများချမှတ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ ဖွင့်လှစ်လိုက်သော နေပြည်တော်ပျဉ်းမနား - ပင်လောင်းလမ်း (ကင်းသာ-ကိုးကွေ့)အပိုင်းသည် ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံကောင်းတစ်ခု ရရှိခြင်းဖြစ်သဖြင့် သားစဉ်မြေးဆက် ရေရှည်အသုံးပြုနိုင်အောင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပေးကြပါဟု တိုက်တွန်းပြောကြားသွားသည်။

## ရှင်းလင်းပြောကြား

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က ကတ္တရာလမ်းပိုင်းဆိုင်ရာ အချက်အလက်များ၊ လမ်းအင်္ဂါရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာ၌ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လမ်းတံတားလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာတွင် ပြည်နယ်နှင့်တိုင်း အသီးသီး၌ ၁၉၈၈ခုနှစ်မတိုင်မီက လမ်းအရှည်မိုင် ၁၃၆၃၅မိုင်ရှိခဲ့ရာမှ ယခုဆိုလျှင် ၂၁၃၆၁ မိုင် ၂ဖာလုံ ရှိလာပြီဖြစ်သည့်အတွက် ၇၇၂၆ မိုင် ၂ ဖာလုံ တိုးတက်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထပ်တိုးလမ်းများအဖြစ် ၂၀၀၉-၂၀၁၀





နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်း (ကင်းသာ-ကိုးကွေ့) အပိုင်းရှိ လမ်းပိုင်း တစ်နေရာကို ဤသို့ တွေ့မြင်ရသည်။

နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်း (ကင်းသာ-ကိုးကွေ့) အပိုင်းရှိ လမ်းပိုင်း တစ်နေရာကို ဤသို့ တွေ့မြင်ရသည်။



**နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်း**

နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်း (ကင်းသာ-ကိုးကွေ့) အပိုင်း မိုင် ၂၀ ၃ဖာလုံ ကတ္တရာလမ်းသစ်ကို တွေ့ရစဉ်။

**ကင်းသာ-ကိုးကွေ့ အပိုင်း**

ဘတ်(စ်)ကားကြီးများ မောင်းနှင်အသုံးပြုနိုင်သည်အထိ ဖောက်လုပ်ထားသော နေပြည်တော် ပျဉ်းမနား-ပင်လောင်း လမ်း (ကင်းသာ-ကိုးကွေ့) အပိုင်းကို ဤသို့ တွေ့ရသည်။



ဘဏ္ဍာရေးနှစ်တွင် အခြားဝန်ကြီးဌာနများနှင့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးတို့မှ ဆောက်လုပ်ရေးဝနကြီးဌာနသို့ လွှဲပြောင်းပေးခဲ့သည့် လမ်းမိုင်အရှည် ၁၁၄၇ မိုင် ၁ ဖာလုံကိုလည်း လက်ခံရရှိခဲ့ကြောင်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ၂၀၁၀ ခုနှစ် မတ်လ ၂၄ရက်နေ့တွင် ပြည်-ပေါက်ခေါင်း-တောင်ငူလမ်း မိုင်အရှည် ၁၂၅ မိုင် ၁ဖာလုံကို ကတ္တရာလမ်းအဖြစ် ၅ လ ၁၉ရက်ဖြင့် အောင်မြင်စွာဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း၊ ထိုနည်းတူ ဧရာဝတီမြစ်ဝကျွန်းပေါ် လမ်းကွန်ရက် ၁၀ လမ်းထဲက အမှတ်(၉)လမ်း ဖြစ်သည့် ပုသိမ်-သလပ်ချော-မော်တင်စွန်းလမ်း ၉၆ မိုင်ကိုလည်း ၂၀၁၀ ခုနှစ် မေလ ၁၄ရက်နေ့တွင် ကတ္တရာလမ်း အဖြစ် ၅ လ ၁၄ရက်ဖြင့် အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း။

## ခက်ခက်ခဲခဲဆောင်ရွက်

ယနေ့ ဖွင့်လှစ်လိုက်သည့် နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်း၏ (ကင်းသာ-ကိုးကွေ့) လမ်းအပိုင်းသည် မိုင် ၂၀ ၃ဖာလုံအရှည်ရှိပြီး ၁၈ ပေအကျယ် ကတ္တရာလမ်းဖြစ်ကြောင်း၊ လမ်းတာပေါင် ၃၄ ပေအကျယ်ရှိပြီး လမ်းကွေ့နေရာများတွင် ပေ ၄၀အကျယ်ရှိကြောင်း၊ ဤလမ်းသည် ယခင်က ၁၂ပေအကျယ် ကျောက်လမ်းအဆင့်သာရှိပြီး အချို့နေရာများတွင် မတ်စောက်သည့် နေရာများရှိခဲ့ ကြောင်း၊ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ လမ်းညွှန်ချက်အရ ဤလမ်းကို ခရီးသည်တင် ဘတ်(စ်) ကားကြီးများ သွားလာနိုင်အောင် ဆောက်လုပ်ရေးဝန်ကြီးဌာနက ၂၀၀၉ခုနှစ် ဩဂုတ်လ ၈ရက်နေ့မှစ၍ ၁၂ပေအကျယ် ကျောက်လမ်းမှ ၁၈ပေအကျယ် *စာမျက်နှာ ၁၀ ကော်လံ ၁ သို့*

# စက်မှု(၂)ဝန်ကြီးဌာန ငါးမျိုးစိုက်ထည့်ပွဲနှင့် သစ်ပင်စိုက်ပျိုးပွဲ

## ဝန်ကြီးဦးစိုးသိန်း ဆည်အတွင်း ငါးသားပေါက်များ စိုက်ထည့်ပေး

နေပြည်တော် ဇူလိုင် ၁၆

အမှတ်(၂)စက်မှုဝန်ကြီးဌာန၏ ငါးမျိုးစိုက်ထည့်ပွဲကို ယနေ့နံနက် ၈နာရီခွဲတွင် နေပြည်တော် အမှတ်(၂)စက်မှုဝန်ကြီးဌာနရုံး အနီးရှိ လျှိုပိတ်ဆည်အမှတ်(၇)၌ ကျင်းပသည်။

**စိုက်ထည့်ပေး**

ရှေးဦးစွာ ဝန်ကြီး ဦးစိုးသိန်းက ဆည်အတွင်းသို့ ငါးသားပေါက်များ စိုက်ထည့်ပေးပြီး ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများက ဆည်အတွင်းသို့ ငါးမြစ်ချင်းသားပေါက်နှင့် ငါးခုံးမသားပေါက်များကို စိုက်ထည့်ပေးကြသည်။

ဆက်လက်၍ ညနေ ၃နာရီတွင် အမှတ်(၂) စက်မှုဝန်ကြီးဌာနရုံးဝင်းအတွင်း၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ၏ ပဋ္ဌမနေ့အဖြစ် ကျင်းပရာ ဝန်ထမ်းများက စိန်တစ်လုံးသရက်၊ စွယ်တော်၊ ပျဉ်းမ၊ ခရေ၊ စိန်ပန်း၊ ကြောင်လျှာ၊ တမာ စသည့် သစ်ပင်ပျိုးပင် ၂၀၀၀ကို စိုက်ပျိုးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ

## အကြိုဗိုလ်လုပွဲများ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၆

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော (၄၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲများကို ယနေ့နံနက် ၉နာရီမှစတင်၍ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပသည်။

**ကြည့်ရှုအားပေး**

ယင်းပြိုင်ပွဲသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘတ်စကက်ဘော အဖွဲ့ချုပ်မှ အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ဘတ်စကက်ဘောအားကစား ဝါသနာရှင်များတက်ရောက် ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲ၏ အမျိုးသမီး ပထမအကြိုဗိုလ်လုပွဲတွင် စစ်ကိုင်းတိုင်းက မန္တလေးတိုင်းကို ၈၈မှတ်- ၃၈မှတ်ဖြင့် လည်းကောင်း၊ ဒုတိယအကြိုဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းက ရှမ်းပြည်နယ် (တောင်ပိုင်း)ကို ၆၈မှတ်-၆၆မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိကြပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။

အမျိုးသား ပထမအကြိုဗိုလ်လုပွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)က မန္တလေးတိုင်းကို ၆၆မှတ်-၄၇မှတ်ဖြင့် လည်းကောင်း၊ ဒုတိယအကြိုဗိုလ်လုပွဲတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)က ရန်ကုန်တိုင်းကို ၇၂ မှတ် -၄၂မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိကြပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။

**ယှဉ်ပြိုင်ကစား**

ပြိုင်ပွဲ၏ ဗိုလ်လုပွဲများကို ဇူလိုင် ၁၇ ရက် မွန်းတည့် ၁၂နာရီမှ စတင်၍ ယင်းအားကစားပြိုင်ပွဲရုံ၌ပင် ဆက်လက်ကျင်းပသွားမည်ဖြစ်ရာ အမျိုးသမီးပြိုင်ပွဲ၏ ဗိုလ်လုပွဲ ပွဲစဉ်၌ စစ်ကိုင်းတိုင်းနှင့် ရန်ကုန်တိုင်း၊ အမျိုးသားပြိုင်ပွဲ၏ ဗိုလ်လုပွဲ ပွဲစဉ်၌ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ **(သတင်းစဉ်)**

## မိုးရွာသွန်းလေသမျှ

၁၆-၇-၂၀၁၀

ချောင်းဆုံမြို့
၂၁သမ ၅၆လက်မ
မင်းကင်းမြို့
၂၁သမ ၂၄လက်မ
ဖြူးမြို့
၂၁သမ ၂၀လက်မ
ကလေးဝမြို့
၁၁သမ ၉၃လက်မ
ပူတာအိုမြို့
၁၁သမ ၈၅လက်မ
ပဲခူးမြို့
၁၁သမ ၁၈လက်မ
မော်လိုက်မြို့
၁၁သမ ၆၂လက်မ

# ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၆

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းတို့ ပူးပေါင်းကျင်းပသော ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မိတ်ဆက်အလုပ်ရုံ ဆွေးနွေးပွဲဖွင့်ပွဲကို ဇူလိုင် ၁၂ရက် နံနက် ၉နာရီက ပန်းဘဲတန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ်ဟိုတယ် ပတ္တမြားခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာသာလှရွှေ **(အပေါ်ယာပုံ)**နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းမှ Head of Delegation Mr.Bermd Schell တို့က အဖွင့်အမှာစကားပြောကြားကြသည်။

**ရည်ရွယ်ကျင်းပ**

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေး အန္တရာယ်နှင့် လိုက်လျောညီထွေနေထိုင်နိုင်ရေး ပညာပေးနည်းလမ်းများ၊ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ သိပ္ပံအခြေခံသဘောများကို ဆွေးနွေးကြသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းနှင့် ဆက်နွှယ်ပတ်သက်သည့် ဌာနများမှ ဝန်ထမ်းများနှင့် ကြက်ခြေနီစေတနာဝန်ထမ်းများအား ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အခြေခံသတင်းအချက်အလက်များ သိရှိနိုင်စေရန် ရည်ရွယ်ကာ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **(မြန်မာနိုင်ငံကြက်ခြေနီ)**



# ကြွက်ကာကွယ်နှိမ်နင်းရေး

## နှိုးဆော်ချက်

မိုးဦးအစတွင် ရိုးမများအတွင်း မီခိုနေထိုင်သော ကြွက်ဝမ်းဖြူများသည် ဒေသနှင့်ဝါးမျိုးကွဲအလိုက် ဝါးပန်းပွင့်ခြင်း၊ ဝါးသည်းခြင်းတို့ကြောင့် မျိုးပွားနှုန်းမြင့်မားလာခြင်းနှင့် ရိုးမအတွင်း အစားအစာရှားပါးလာခြင်းတို့ကြောင့် စပါးပျိုးခင်းနှင့် စိုက်ခင်းများရှိရာ မြေပြန့်သို့ အုပ်စုလိုက် ရွှေ့ပြောင်း၍ ပျိုးခင်းမှ စပါးစေ့နှင့် ပျိုးပင်ငယ်များကို စားသောက်ဖျက်ဆီးလာနိုင်သည်။

ကြွက်ကျရောက်ဖျက်ဆီးပါက အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြရန်ဖြစ်သည် -

- လူနေအိမ်နှင့်စိုက်ခင်းများအတွင်း ကြွက်ခိုအောင်းနိုင်သော နေရာများအား သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊
- ကြွက်ကျင်းများ တူးဖော်နှိမ်နင်းခြင်း၊
- ကြွက်ကျင်းများထဲသို့ မီးခိုးမှိုင်းတိုက်ခြင်း၊ ရေလောင်းထည့်ခြင်း၊
- တစ်ကွင်းတစ်စပ်တည်းတွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် ခြောက်လှန့်ရှာဖွေဖမ်းဆီးခြင်း၊
- ထောင်ချောက်အမျိုးမျိုးအသုံးပြု နှိမ်နင်းခြင်း၊
- လိုအပ်ပါက ကြွက်သတ်ဆေးချ၍ ကာကွယ်နှိမ်နင်းခြင်း၊

အကူအညီလိုအပ်ပါက နီးစပ်ရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းဌာနများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

**သစ်တောသစ်ပင် ဒို့ချစ်ခင်**
**နှစ်စဉ်စိုက်ပျိုး အလှတိုး**

*စာမျက်နှာ ၉ မှ*

ကတ္တရာလမ်းအဖြစ် စတင်အဆင့်မြှင့်တင် ဖောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ မတ်စောက်၍ အတက်အဆင်း ခက်ခဲသောနေရာများတွင် အောက်ခံကျောက်သားများကို ဖောက်ခွဲပြီး လမ်းသားနှိမ့်ချခြင်းလုပ်ငန်းများကို ခက်ခက်ခဲခဲ ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ အတက်အဆင်း အကွေ့အကောက်များသည့် နေရာများကိုလည်း ဒီဇိုင်းအရ ပြေပြစ်အောင် ဆောင်ရွက်ခဲ့ပြီး လမ်းတစ်လျှောက် သစ်သားတံတားများကိုလည်း သံကူကွန်ကရစ်တံတားများအဖြစ် အဆင့်မြှင့်တင် ဆောက်လုပ်ပေးခဲ့ကြောင်း၊ ဤလမ်းသည် နေပြည်တော်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)ကို ဆက်စပ်ပေးသည့် အဓိကလမ်းမကြီးဖြစ်ကြောင်း၊ နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်းသည် လမ်းမိုင်အရှည် ၇၀မိုင် ၂ဖာလုံရှိပြီး ယနေ့ဖွင့်လှစ်ပေးသည်မှာ နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်းမ၏ အစပိုင်းဖြစ်သော (ကင်းသာ- ကိုးကွေ့) အပိုင်း ၂၀မိုင် ၃ဖာလုံကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ကျန်ရှိသည့် (ကိုးကွေ့-ပင်လောင်း) လမ်းအပိုင်းကိုလည်း အမြန်ဖွင့်လှစ်နိုင်အောင် ဆောင်ရွက်လျက်ရှိကြောင်း စသည်ဖြင့် ပြောကြားသွားပါသည်။

**ဖောက်လုပ်**

ယနေ့ဖွင့်လှစ်ပေးလိုက်သည့် နေပြည်တော်ပျဉ်းမနား - ပင်လောင်း ကတ္တရာလမ်း (ကင်းသာ-ကိုးကွေ့)အပိုင်း စီမံကိန်းဆိုင်ရာ အချက်အလက်များမှာ လမ်းအရှည် ၂၀မိုင် ၃ဖာလုံနှင့် ယာဉ်သွားလမ်းအကျယ် ၁၈ပေရှိပြီး စီမံကိန်းစတင်ခဲ့သည့်နေ့မှာ ၂၀၀၉ခုနှစ် ဩဂုတ်လ ၂၀ရက်နေ့ ဖြစ်သည်။ လမ်းစီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းအထူးအဖွဲ့ ၁၃မှ ဒုတိယအင်ဂျင်နီယာချုပ် ဦးသိန်းဇော်က တာဝန်ယူ၍ နေပြည်တော်ခရိုင် ဆောက်လုပ်ရေးအဖွဲ့၊ လေယာဉ်ကွင်းဆောက်လုပ်ရေး အထူးအဖွဲ့(၂)၊ အဆောက်အအုံအထူးအဖွဲ့ (၃)နှင့်(၅)တို့မှ အင်ဂျင်နီယာမှူးများ၊ အင်ဂျင်နီယာများနှင့် လက်ထောက်အင်ဂျင်နီယာများ၊ လုပ်သားများက တာဝန်ယူဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။

**ကူးလူးဆက်နွှယ်**

ကျန်ရှိနေသေးသည့် ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်လောင်းကို ယာဉ်သွားလမ်း ၁၈ပေအထိ ကတ္တရာလမ်းတိုးချဲ့မြှင့်တင်သွားမည်ဟု သိရပြီး အဆိုပါ အဆင့်မြှင့်ကတ္တရာလမ်းကို အသုံးပြု၍ တစ်နိုင်ငံလုံးရှိ ပြည်သူများ နေပြည်တော်ပျဉ်းမနား-တပ်ကုန်းတို့မှတစ်ဆင့် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးနှင့် ကယားပြည်နယ်လွိုင်ကော်အထိသွားရောက်၍ ပြည်ထောင်စုသားအချင်းချင်း ဒေသထွက်ကုန်ပစ္စည်းများ ဖလှယ်နိုင်မည့်အပြင် တစ်ဦးမှတစ်ဦးထံသို့ ကူးလူးဆက်နွှယ် ချစ်ကြိုးသွယ်နိုင်တော့မည်ဖြစ်ပါကြောင်းကို လေ့လာရေးသား တင်ပြလိုက်ရပါတော့သည်။ ။



နေပြည်တော်ပျဉ်းမနား-ပင်လောင်း ကတ္တရာလမ်း (ကင်းသာ-ကိုးကွေ့) လမ်းပိုင်း တစ်နေရာကို ဤသို့တွေ့ရသည်။

# တောင်ကြီးမြို့နယ် ရေနွေးကျေးရွာ မိုးစပါးစုပေါင်းစိုက်ပျိုးပွဲ

## တိုင်းမှူး ပိုလ်ချုပ်ရာပြည့် တက်ရောက်

**နေပြည်တော် ဇူလိုင် ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးစပါး စုပေါင်းစိုက်ပျိုးပွဲ အခမ်းအနားကို ဇူလိုင် ၇ရက် နံနက်ပိုင်းက တောင်ကြီးမြို့နယ် ရေနွေးကျေးရွာ၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့် တက်ရောက်၍ အမှာစကားပြောကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိုးစပါး စုပေါင်းစိုက်ပျိုးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှု အားပေးကြရာ တာဝန်ရှိသူများက လိုက်လံပြသကြပြီး တိုင်းမှူးက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားကာ လမ်းဘေးတစ်လျှောက် ရာသီသီးနှံ စိုက်ခင်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် တာယောစိုက်ပျိုးရေး သုတေသနခြံသို့ ရောက်ရှိကြပြီး မျိုးစပါးများ သုတေသနပြု စိုက်ပျိုးထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် အားကစားဒီပလိုမာ သင်တန်းအမှတ်စဉ်(၁၁) ဆင်းပွဲတွင် သင်တန်းသား စံပြဆုရရှိသော ဒေါ်စိုးစိုးမြာ(တိုက်ကွမ်ဒို)အား ဆုချီးမြှင့်စဉ်။ (အား/ကာ)

# မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ လပွတ္တာမြို့နယ်၌ ကျင်းပ

**လပွတ္တာ ဇူလိုင် ၁၆**

ဧရာဝတီတိုင်း လပွတ္တာခရိုင် ၂၀၁၀ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇူလိုင် ၃ရက် နံနက် ၈နာရီက လပွတ္တာခရိုင် (၃)မိုင်မြို့သစ် မြယာကုန်း၌ ကျင်းပရာ အဆိုပါ အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအေးမောင်ကြည်က အဖွင့်အမှာစကားပြောကြားပြီး နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ခင်မောင်ဝင်းနှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က တာဝန်ရှိသူများအား ပျိုးပင်များ ပေးအပ်သည်။ **(အောက်ပုံ)**

**စုပေါင်းစိုက်ပျိုး**

ထို့နောက် တက်ရောက်လာသူများက ကျွန်း၊ မဟော်ဂနီ၊ စွယ်တော်၊ စိန်ပန်း၊ ပုန်းညက်၊ ခရေ၊ ယူကလစ်၊ မန်ကျည်းရှား၊ မာလာလူးကားနှင့် ပျဉ်းကတိုးစသည့် ပျိုးပင်ပေါင်း ၆၇၀၀ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**



# အားကစားဒီပလိုမာသင်တန်း အမှတ်စဉ်(၁၁)ဆင်းပွဲ

## အားကစားဝန်ကြီး သူရဦးအေးမြင့် တက်ရောက်

ရန်ကုန် ဇူလိုင် ၁၆

**မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်သည် ဇူလိုင် ၁၃ရက် ညနေ ၅နာရီက ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)၌ ကျင်းပသည့် အားကစားဒီပလိုမာသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။**

ရှေးဦးစွာ ဝန်ကြီး သူရဦးအေးမြင့်က သင်တန်းဆင်း အမှာစကားပြောကြားပြီး နောက် သင်တန်းတွင် လေ့ကျင့်ရေးထူးချွန်ဆုရ ကသ(၈) ဦးဇေယျာငွေး(ပိုက်ကျော်ခြင်း)၊ စာပေထူးချွန်ဆုရ ကသ(၇) ဦးထွန်းနိုင်နွယ် (ပိုက်ကျော်ခြင်း)နှင့် သင်တန်းသား စံပြဆုရ ဒေါ်စိုးစိုးမြာ (တိုက်ကွမ်ဒို)တို့အား ဆုများချီးမြှင့်ပြီး သင်တန်းသားတစ်ဦးချင်းထံ သင်တန်းဆင်းလက်မှတ်များကို ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က သင်တန်းသားများကိုယ်စား သင်တန်းသား တစ်ဦးထံ တာဝန်ချထားသည့် ခန့်အပ်လွှာများကို ပေးအပ်သည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၄၀ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ရန်ပယ်ဈေးတွင် ဈေးသူ ဈေးသားများနှင့် ဈေးမိဈေးဖများအား မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဇွန် ၃၀ရက်က ဈေးများလုံခြုံမှုစစ်ဆေးရေးအဖွဲ့မှ တာဝန်ရှိသူများက ဆွေးနွေး ပြောကြားစဉ်။** (မြို့နယ်စည်ပင်)

# နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(တနင်္ဂနွေနေ့-နံနက်-နေ့လယ်-ည)

၁၈-၇-၂၀၁၀

| | |
|---|---|
| ၇း၀၀ | အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက် |
| ၇း၀၅ | တရားတော် **(ရတနသုတ်)** ဓမ္မပူဇာတေးပဒေသာ |
| ၇း၂၀ | (၃၈)ဖြာမင်္ဂလာ |
| ၇း၃၅ | နံနက်ခင်းတေးပဒေသာ |
| ၈း၀၀ | စံတော်ချိန် + သတင်း |
| ၈း၁၀ | နံနက်ခင်းတေးပဒေသာ |
| ၈း၃၀ | ဘဝအသွင် ကဗျာ့အမြင် (ချစ်မိုးဖြိုင်ဖြိုင် လဇူလိုင်) |
| ၈း၃၅ | တေးပဒေသာ |
| ၁၀း၀၀ | မင်္ဂလာလက်ဆောင် |
| ၁၀း၃၀ | သတင်းစာအာဘော် |
| ၁၀း၃၅ | သန့်စွမ်းကျန်းမာ ကိုယ်ခန္ဓာ (ဆံပင်ဖောက်ထလို့ စိတ်ညစ်စရာမလိုပါ) |
| ၁၀း၄၀ | တေးစီးရီး (ကျေးလက်ခရီး-အဖွဲ့) |
| ၁၁း၀၀ | နေ့လယ်ခင်းသတင်း |
| ၁၁း၁၀ | ဆိုကြပျော်ရွှင် တေးသံစဉ် |
| ၁၂း၀၀ | စံတော်ချိန် ကလေးအစီအစဉ် (ကလေးများ အတွက်ပုံပြင်- ဝီရိယရှင် ပုံပြင်) |
| ၁၂း၁၀ | ဘဝတစ်ကွေ့အတွေ့အကြုံ (ချစ်ခြင်းမေတ္တာနှင့် တာဝန်သိမှု) နေ့လယ်ခင်း တေးပဒေသာ |
| ၁၂း၃၀ | စာအုပ်စာပေ လူ့မိတ်ဆွေ (၁) မှတ်သားထားသောစကား များနှင့် မှတ်မိနေသော ရယ်စရာ တွေးစရာများ (ဝင်းချစ်) (၂) ခွင့်လွှတ်ပါအချစ်ရယ် ကောင်းသန့် |
| ၁၂း၅၀ | နေ့လယ်ခင်းတေးပဒေသာ |
| ၁၃း၀၀ | မွန်းလွဲပိုင်းသတင်း |
| ၁၃း၁၀ | သိလိုသမျှမေး ကျန်းမာရေး |
| ၁၃း၂၀ | တေးပဒေသာ |
| ၁၆း၀၀ | အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ |
| ၁၆း၃၀ | သောတရှင်လိုရာတေး |
| ၁၇း၀၀ | မြတ်နိုးစရာကျေးရွာတေးကဗျာ |
| ၁၇း၂၅ | သတင်းစာဆောင်းပါး |
| ၁၇း၃၀ | ညနေခင်းတေးပဒေသာ |
| ၁၇း၃၅ | တို့ပြန်ဖြေကြားအနုပညာရှင်များ (မိုးအောင်ရင်) |
| ၁၈း၀၀ | ညနေခင်းသတင်း |
| ၁၈း၁၀ | တေးချစ်သူရွေးသီတေးပန်းချီ |
| ၁၈း၃၀ | သုတစုံကြွယ်သိစေဖွယ် (ဆင်းရဲရာမှ ချမ်းသာရာသို့) |
| ၁၈း၄၅ | တေးပဒေသာ |
| ၁၉း၀၀ | နိုင်ငံတကာသတင်း |
| ၁၉း၁၀ | Talk on Line(ဂျင်နီ) နိုင်ငံရေးဦးတည်ချက် |
| ၁၉း၃၀ | တေးပဒေသာ |
| ၂၀း၀၀ | ပြည်တွင်းသတင်း |
| ၂၀း၂၀ | ဖျော်ဖြေသီကြွေး သူ့အလှည့်တေး (အဲလက်စ်) စီးပွားရေးဦးတည်ချက် |
| ၂၀း၄၀ | လယ်ယာစီးပွား (ဝင်ငွေတိုးဖို့ ပဲစင်းငုံနှင့် နှမ်းလျှင်ကို သီးညှပ်စိုက်ပျိုးစို့) |
| ၂၀း၅၀ | တေးပဒေသာ လူမှုရေးဦးတည်ချက် |
| ၂၁း၀၀ | ရင်တွင်းခံစား တေးသီချင်းများ (နန်းခင်ဇော်အေး) |
| ၂၁း၁၅ | ညချမ်းချိန်ခါတေးပဒေသာ |
| ၂၁း၃၀ | ခေတ်မရွေးသောတေး |
| ၂၂း၀၀ | အစီအစဉ်ပြီး၏။ |





**နေပြည်တော် ဇူလိုင် ၁၆**

# ရာသာထူးခြား မြန်မာ့ဒေသထွက်အစားအစာများ

## ဈေးရောင်းပွဲ ကျင်းပမည်

Ocean Supercenter ကကြီးမှူးပြီး ရာသာထူးခြား မြန်မာ့ဒေသထွက် အစားအစာများ ဈေးရောင်းပွဲကို ဇူလိုင် ၁၆၊ ၁၇၊ ၁၈နှင့် ၁၉ရက်တို့တွင် East Point Shopping Center ၌ လည်းကောင်း၊ ဇူလိုင် ၂၃၊ ၂၄၊ ၂၅၊ ၂၆ရက်တို့တွင် North Point Shopping Center ၌ လည်းကောင်း ကျင်းပမည်ဖြစ်သည်။

**ဒေသထွက်ကုန်**

ဈေးရောင်းပွဲတော်တွင် အညာဒေသထွက် စားသောက်ကုန်များ၊ ရှမ်းပြည်နယ်ဒေသထွက် စားသောက်ကုန်များ၊ မြိတ်ဒေသထွက် စားသောက်ကုန်များ၊ ပြည်ဒေသထွက် စားသောက်ကုန်များ၊ နေပြည်တော် ပျဉ်းမနား ဒေသထွက်စားသောက်ကုန်များ၊ ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသထွက်စားသောက်ကုန်များနှင့် မန္တလေးဒေသထွက် စားသောက်ကုန်များစသည်ဖြင့် အမျိုးပေါင်း ၁၈၀ကျော်ကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

**ရောင်းချပေး**

ထို့အပြင် အညာဒေသ ထွက်ကုန်များဖြစ်သည့် မုန့်ဩဇာ၊ (အုန်း၊ ဆီး၊ ပေါက်ပေါက်) ထန်းလျက်များ၊ မန်ကျည်း တော်ဖီ၊ လက်ဖက်ခြောက်များ၊ တောင်ကြီးပဲကြော်၊ ပဲပုပ်စေ့လှော်၊ တို့ဟူးခေါက်၊ ဆီတို့ဟူး၊ ငါးပေါင်းထုပ်၊ မုန်ညင်းပေါင်းထုပ်၊ အသင့်ချက်ပြုတ် စားသုံးရန် ပြင်ဆင်ထားသော မာလာဟင်း၊ သစ်သီးဖျော်ရည်များ၊ ကြက်သွန်ချဉ်၊ ရှမ်းချဉ် အမျိုးမျိုးကို ရောင်းချပေးမည်ဖြစ်သည်။

မန္တလေးနာမည်ကြီး လက်ဖက်ဖြစ်သည့် ရီမွန်လက်ဖက်နှင့် အကြော်မျိုးစုံ၊ မြင့်မြင့်ခင်ထိုးမုန့်၊ လမုန့်များ၊ နေပြည်တော် ပျဉ်းမနား ဒေသထွက်များဖြစ်သည့် နေပြည်တော် ပျဉ်းမနားမှုစ်ချဉ်များ၊ ပြည်ဒေသထွက်မလိုင်နှင့် လက်ပံတန်း ကရေကရာများ ရောင်းချပေးသည့် ဆိုင်များတွင် မုန့်ဦးနှောက်၊ သနွားသီးအစိမ်းသနပ်၊ ရွှေထမင်း (ကောက်ညှင်းပြင်)၊ ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသထွက် အစားအစာများဖြစ်သည့် နာမည်ကြီး ရွှေမြင်းပျံ ဟာလဝါ အစိုအခြောက်၊ ခင်ထွေးရီ မုန့်ဟင်းခါးဟင်း ရည်ခြောက်ထုပ် စသည့် ဒေသထွက် စားသောက်ကုန်များကို ထည့်သွင်းရောင်းချမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



**ကမ္ဘာ့ဖလားချန်ပီယံမှန်းကန်စွာ ရွေးချယ်နိုင်သူများထဲမှ ကံထူးရှင် ၃၀အား ပထမဆု ၃၂ လက်မ၊ LCD TV၊ ဒုတိယဆုကျပ်နှစ်သိန်းတန် ဈေးဝယ်ခွင့်လက်မှတ်၊ တတိယဆုကျပ်တစ်သိန်းတန် ဈေးဝယ်ခွင့်လက်မှတ်နှင့် နှစ်သိမ့်ဆုများအဖြစ် Moon အမှတ်တံဆိပ် ထမင်းပေါင်းအိုး၊ ပန်ကာ၊ မီးပူနှင့် အခြားပစ္စည်းများကို ကမ္ဘာအေးဘုရားလမ်းရှိ ဂမုန်းပွင့် Shopping Mall ၌ ဇူလိုင် ၁၃ရက်က ကံစမ်းမဲ ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

# အမျိုးသမီး တံခွန်စိုက်နှင့် စီနီယာတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၁၆**

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပမည့် ၂၀၁၀ခုနှစ် အမျိုးသမီးတံခွန်စိုက်နှင့် စီနီယာ တံခွန်စိုက် စစ်တုရင်ပြိုင်ပွဲကို ဇူလိုင် ၂၉ရက်မှ ဩဂုတ် ၅ရက်အထိ အောင်ဆန်းအားကစား ပြိုင်ဝင်း မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ပြိုင်ပွဲခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်လိုသည့် အားကစားသမားများသည် ဇူလိုင်၂၈ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ရုံးတွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

အမျိုးသမီးတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲကို မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အသက်(၅၀)အထက် စီနီယာတံခွန်စိုက်ပြိုင်ပွဲကို ၁၉၆၀ပြည့်နှစ် ဇန်နဝါရီ ၁ရက် မတိုင်မီ မွေးဖွားသူများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိကြောင်း သိရသည်။ **(စစ်တုရင်အဖွဲ့ချုပ်)**

**ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ်၏ ၂၀၁၀-၂၀၁၁ခုနှစ် နှစ်စဉ် စီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၅ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဥက္ကဋ္ဌ ဦးခင်မောင်ဦးက ရပ်ကွက်ကြီး ငါးရပ်ကွက်မှ ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာများကို တစ်ဦးချင်း စီမံကိန်းရည်မှန်းချက် တာဝန်များ ပေးအပ်စဉ်။** (၁၂၃)



# ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် မဟူရာကြယ်ပွင့်များ

➢ စုစည်းရေးသားသူ - မောင်မောင်မြင့်ဆွေ ➢ စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း)

ကိတ်ဖ်တောင်း ဇူလိုင် ၁၆

**၂၀၁၀ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် အာဖရိကတိုက်မှ မဟူရာကြယ်ပွင့်များဟု တင်စားခေါ်ဝေါ်သည့် ဂါနာအသင်းသည် ဘောလုံးသမားများ ဆုကြေးငွေအများဆုံးရရှိသော အသင်းဖြစ်ခဲ့သည်။ မဟူရာကြယ်ပွင့်များကား ယခုကမ္ဘာ့ဖလား ဘောလုံးပွဲ၌ ကွာတားဖိုင်နယ်အထိ ထူးခြားအောင်မြင်စွာ တက်ရောက်နိုင်ခဲ့သည့် အသင်းဖြစ်ပြီး အာဖရိကဘောလုံးအဖွဲ့ချုပ်၏ ဂုဏ်ပြုခြင်းကို အထူးခံရသည့် အသင်းလည်းဖြစ်သည်။**



**၂၀၁၀ကမ္ဘာ့ဖလား ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သည့် ဂါနာဘောလုံးအသင်းမှ ဘောလုံးသမားများ ဤသို့ အောင်ပွဲခံခဲ့ကြသည်။**

(အင်တာနက်ဓာတ်ပုံ)

## ခြေစွမ်းပြ

အာဖရိကတိုက် ကိုယ်စားပြုအသင်းများအနက် ဂါနာအသင်းသည် မိခင်ဂါနာနိုင်ငံကို အောင်မြင်မှုမှတ်တမ်းသစ်ဖြင့် ဂုဏ်ပြုနိုင်ခဲ့သလို အာဖရိကတိုက်၏ ဂုဏ်ဒြပ်ကိုလည်း မြှင့်တင်ပေးနိုင်ခဲ့သည်။ ကမ္ဘာ့ဖလားပြိုင်ပွဲတစ်လျှောက် ထူးထူးခြားခြား ခြေစွမ်းပြနိုင်ခဲ့သည့် အာဖရိကအသင်းတစ်သင်းလည်းဖြစ်သည်။

## ပေးခဲ့

ဂါနာအသင်းမှ ဘောလုံးသမားများအနေဖြင့် ပြိုင်ပွဲဝင်ကာလအတွင်း တောင်အာဖရိကနိုင်ငံသို့ စတင်ရောက်ရှိသည့်နေ့မှစ၍ အားကစားသမားတိုင်း တစ်နေ့လျှင် အမေရိကန်ဒေါ်လာ ၉၀၀ပေးခဲ့သည်။ ဂါနာဘောလုံးအဖွဲ့ချုပ်က ထိုသို့ပေးမှုမှာ ဘောလုံးသမားတစ်ဦးချင်း၏ အသုံးစရိတ် ဖြစ်သည်။

## တည်းခိုစ

ဂါနာဘောလုံးအသင်းသည် တောင်အာဖရိကနိုင်ငံ ပရီတိုးရီးယားမြို့ ဟိုတယ်၌ တည်းခိုစဉ် တစ်သင်းလုံး တည်းခိုစရိတ်အဖြစ် တစ်နေ့လျှင်အမေရိကန်ဒေါ်လာ ၄၅၀၀ကိုလည်း ဂါနာဘောလုံးအဖွဲ့ချုပ်က တည်းခိုခအဖြစ် ကြိုတင်ပေးချေခဲ့သည်။ ဂါနာဘောလုံးအသင်းသည် တောင်အာဖရိကနိုင်ငံ၌ ဟိုတယ်နှစ်ခုပြောင်းကာ သီတင်းသုံးပတ်ကြာ တည်းခိုကာ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကို ပါဝင်ဆင်နွှဲခဲ့ခြင်း ဖြစ်သည်။

## ဆုကြေးငွေ

၂၀၁၀ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်စဉ် ပြိုင်ပွဲတစ်ပွဲနိုင်တိုင်း ဂါနာဘောလုံးအဖွဲ့ချုပ်က ဆုကြေးများကို ချီးမြှင့်ခဲ့သည်။ အမေရိကန်အသင်းကို အနိုင်ရခဲ့သည့်ပွဲနှင့် ဆားဗီးယား အသင်းကို အနိုင်ယူခဲ့သည့်ပွဲများအတွက် တစ်ပွဲလျှင် အမေရိကန်ဒေါ်လာ ၁၅၀၀၀ကို ပေးအပ်ချီးမြှင့်ခဲ့သည်။

## ပေးအပ်

ဂါနာဘောလုံးအဖွဲ့ချုပ်သည် ဂါနာဘောလုံးအသင်း ကွာတားဖိုင်နယ်သို့ ထူးခြားစွာ တက်ရောက်နိုင်ခဲ့သည့်အတွက် ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၅၀၀၀၀ ချီးမြှင့်ခဲ့သည်။ ကွာတားဖိုင်နယ်အထိ ဂါနာအဖွဲ့ချုပ်က ထောက်ပံ့ချီးမြှင့်ငွေမှာ စုစုပေါင်းအမေရိကန်ဒေါ်လာ ၁၇၀၀၀၀ ဖြစ်သည်။

## နည်းပြ

စွမ်းဆောင်ပေးခဲ့သည့် နည်းပြ မီလိုဗန်ရာဂျာဗက်အား ဆုကြေးငွေ အမေရိကန် ဒေါ်လာ ၂၀၀၀၀ ခန့်ပေးခဲ့ပြီး လက်ထောက်နည်းပြကို အမေရိကန်ဒေါ်လာ ၁၀၀၀၀ချီးမြှင့်ခဲ့သည်။

## ဂုဏ်ပြု

ဂါနာဘောလုံးအဖွဲ့ချုပ်က ၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအတွက် စုစုပေါင်းကုန်ကျငွေ အမေရိကန်ဒေါ်လာ ၁၄သန်း ရှိခဲ့သည်။ ဂါနာဘောလုံးအသင်းသည် ကမ္ဘာ့ဖလားသမိုင်း၌ ပထမဆုံး ကွာတားဖိုင်နယ် တက်ရောက်နိုင်သည့်အပြင် အာဖရိကတိုက်၌ ပထမဆုံးအကြိမ် ကျင်းပသည့် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၌ ယခုကဲ့သို့အောင်မြင်မှု မှတ်တမ်းသစ်ရရှိခဲ့သဖြင့် အာဖရိက ဘောလုံးအဖွဲ့ချုပ်ကချီးမြှင့်ငွေ ထပ်မံပေးရန်စီစဉ်လျက်ရှိနေရာ အာဖရိက မဟူရာကြယ်ပွင့်တို့၏ ကြိုးစားမှုကို ဂုဏ်ပြုခြင်းပင်ဖြစ်ပါကြောင်း။ ။

**ကိုးကား - အင်တာနက်**

# အာဂျင်တီးနားနည်းပြ မာရာဒိုနာအား နည်းပြဆက်လက်တာဝန်ပေးဖွယ်ရှိ

မြင့်မောင်စိုး - ရေးသားသည်



လန်ဒန် ဇူလိုင် ၁၆

**အာဂျင်တီးနားအသင်းနည်းပြ ဒီဂိုမာရာဒိုနာအား ဘရာဇီး၌ ကမ္ဘာ့ဖလားကျင်းပစဉ် ၂၀၁၄ခုနှစ်အထိ အာဂျင်တီးနား အသင်းနည်းပြအဖြစ် တာဝန်ထမ်းဆောင်ရန် ကမ်းလှမ်းထားသည်။**

**သူသည် တောင်အာဖရိက၌ ကျင်းပသည့် ၂၀၁၀ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အာဂျင်တီးနားအသင်းကို ကွာတားဖိုင်နယ်အထိ ပို့ပေးနိုင်ခဲ့သည်။ အသက် ၄၉နှစ်ရှိ မာရာဒိုနာအား လာမည့်သီတင်းပတ်တွင် အာဂျင်တီးနားဘောလုံးအသင်းဥက္ကဋ္ဌ ဂျူလီယို ဂရွန်ဒိုနာက ယင်းကိစ္စနှင့် ပတ်သက်ပြီး တွေ့ဆုံဆွေးနွေးမည်ဟုဆိုသည်။**

**အာဂျင်တီးနားအသင်းကို ကမ္ဘာ့ဖလားဆွတ်ခူးပေးရာတွင် အဓိက ဦးဆောင်ကစားခဲ့သည့် မာရာဒိုနာအား လာမည့်သီတင်းပတ် ဇူလိုင် ၂၁ရက်ထက် နောက်မကျစေဘဲ စာချုပ်သစ်ဆွေးနွေးနိုင်လိမ့်မည်ဖြစ်ကြောင်း ဂရွန်ဒိုနာက ပြောကြားသည်။ မာရာဒိုနာသည် ၁၉၈၆ခုနှစ်က မက္ကဆီကို၌ ကျင်းပသော ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အာဂျင်တီးနားအသင်းခေါင်းဆောင်အဖြစ် ပါဝင်ကစားပြီး ဖလားဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်သည်။ ၎င်းအား ၂၀၀၈ခုနှစ်က အာဂျင်တီးနားနည်းပြအဖြစ် တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်သည်။**

(အင်တာနက်)

# လက်ထောက်နည်းပြ မိုစီမိန်းအား တောင်အာဖရိကနည်းပြခန့်အပ်



**ဂျိုဟန်နစ္စဘတ် ဇူလိုင် ၁၆**

အာဖရိကအသင်း၏ နည်းပြသစ်အဖြစ် ပစ်ဆိုမိုစီမိန်းအား ခန့်အပ်လိုက်ပြီ ဖြစ်သည်။

ပစ်ဆိုမိုစီမိန်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲဝင် တောင်အာဖရိက အသင်းနည်းပြ အယ်ဘာတိုပရဲရာ၏ လက်ထောက်နည်းပြဖြစ်သည်။ ၎င်းအား တောင်အာဖရိကအသင်းနည်းပြအဖြစ် လေးနှစ်စာချုပ် ချုပ်ဆိုလိုက်ခြင်းဖြစ်သည်။

မိုစီမိန်းသည် တောင်အာဖရိကအသင်းကို ဂါဘွန်နှင့် အီကွေတိုရီရယ်ဂီနီယာတို့၌ ကျင်းပမည့် ၂၀၁၂ အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအောင်ရန် ကြိုးစားပေးရမည်ဖြစ်သည်။ ၎င်း၏ လေးနှစ်တာကာလအတွင်း အဓိကအရေးအကြီးဆုံးမှာ တောင်အာဖရိကအသင်းကို ၂၀၁၄ ခုနှစ်တွင် ဘရာဇီးနိုင်ငံ၌ ကျင်းပမည့် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအတွက် ခြေစစ်ပွဲအောင်နိုင်ရေး ကြိုးစားပေးရမည်ဖြစ်သည်။

**(အင်တာနက်)**

# တိုက်စစ်မှူး အွန်နရီ လက်ရွေးစင်အဖြစ်မှ အနားယူပြီ



ပါရီ ဇူလိုင် ၁၆

**ပြင်သစ်တိုက်စစ်မှူး အွန်နရီသည် ပြင်သစ်လက်ရွေးစင် တိုက်စစ်မှူးအဖြစ် ၁၃နှစ်ကြာ ကစားခဲ့ပြီးနောက် လက်ရွေးစင်အဖြစ်မှ အနားယူလိုက်ပြီ ဖြစ်သည်။**

**အသက် ၃၂နှစ်ရှိ တိုက်စစ်မှူး အွန်နရီသည် ဘာစီလိုနာမှ မေဂျာလိဂ်ကလပ် နယူးယောက်ရက်ဘူးသို့ ပြောင်းရွှေ့ရန် ကြေညာပြီး တစ်ရက်အကြာ လက်ရွေးစင်ကစားသမားအဖြစ်မှ အနားယူရန် ကြေညာခဲ့ခြင်းဖြစ်သည်။**

**အွန်နရီသည် ၁၉၉၈ခုနှစ်က ပြင်သစ်ဘောလုံးအသင်းနှင့်အတူ ကမ္ဘာ့ဖလားဆွတ်ခူးပေးနိုင်ခဲ့သည်။ ၎င်းသည် ပြင်သစ်အသင်းအတွက် ပွဲပေါင်း ၁၂၃ပွဲ ပါဝင်ကစားပေးပြီး ၅၁ဂိုး သွင်းယူပေးနိုင်ခဲ့သည်။**

(အင်တာနက်)

# အင်္ဂလန်တိုက်စစ်မှူး ဟက်စကီး လက်ရွေးစင်အဖြစ်မှ အနားယူမည်

**လန်ဒန် ဇူလိုင် ၁၆**

အင်္ဂလန်တိုက်စစ်မှူး ဟက်စကီးသည် နိုင်ငံ့လက်ရွေးစင် ဘောလုံးသမားအဖြစ်မှ အနားယူလိုက်ပြီဖြစ်ကြောင်း ၎င်းက ကြေညာသည်။

## သွင်းယူ

အသက် ၃၂နှစ်ရှိ တိုက်စစ်မှူး ဟက်စကီးသည် ပြီးခဲ့သည့် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် အင်္ဂလန်အသင်းအတွက် ပါဝင်ကစားပေးခဲ့သည်။ ၎င်းသည် ၁၉၉၉ခုနှစ် ဧပြီလက အင်္ဂလန်နှင့် ဟန်ဂေရီတို့ ယှဉ်ပြိုင်ကစားသည့်ပွဲမှစပြီး အင်္ဂလန်အသင်းအတွက် ပါဝင်ကစားပေးခဲ့သည်။ ၎င်းသည် အင်္ဂလန်အသင်းအတွက် ပွဲပေါင်း ၆၂ပွဲ ပါဝင်ကစားပေးပြီး ခုနစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

**(အင်တာနက်)**

# ကမ္ဘာ့အားကစားသတင်းအတိုအထွာ

ချစ်စိုးနိုင် - စုစည်းသည်

## နောက်တန်းအတွက် မန်စီးတီး ပေါင် ၇၅သန်းသုံးစွဲမည်

*မန်စီးတီးအသင်းသည် ဆားဗီးယားနောက်တန်းကစားသမား ကိုလာရော့ဗ်အား ခေါ်ယူရန် ကြိုးစားသော်လည်း လာဇီယိုက ပေါင် ၁၇သန်းပေးပြီး ခေါ်ယူခဲ့သဖြင့် နောက်တန်း ကစားသမားအတွက် မန်စီးတီးတို့ ပေါင် ၇၅သန်းအထိ သုံးစွဲသွားမည်ဟုဆိုသည်။*

## ဖာဘီယာနို စပါးသို့ ပြောင်းရန်အသင့်ရှိ

*ဘရာဇီးတိုက်စစ်မှူး ဖာဘီယာနိုက လာမည့် နွေရာသီတွင် စပါးသို့ပြောင်းရန် အသင့်ရှိကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။*

## နယ်သာလန်တိုက်စစ်မှူး အေစီဒေါ်ယူလို

*နယ်သာလန်တိုက်စစ်မှူး ဟန်တယ်လာအာကို အေစီမီလန်က ခေါ်ယူရန် ကမ်းလှမ်းထားသည်။*

## လိုင်ယွန်တိုက်စစ်မှူး ဝက်စ်ဟမ်းကမ်းလှမ်း

*လိုင်ယွန်တိုက်စစ်မှူး ဖရက်ဒရစ်ပီကွိန်းအား ဝက်စ်ဟမ်းက တစ်ပတ်လုပ်ခလစာပေါင် ၄၀၀၀၀နှုန်းဖြင့် ခေါ်ယူရန် စီစဉ်နေသည်။*

## မန်စီးတီးကွင်းလယ်ကစားသမား ဆန်းဒါးလန်းကမ်းလှမ်း

*ဆန်းဒါးလန်းနည်းပြ စတိဗ်ဘရုစ်သည် မန်စီးတီးကွင်းလယ်ကစားသမား စတီဗင် အိုင်ယာလန်အား ပေါင် ၁၀သန်းဖြင့် ခေါ်ယူမည်ဟုဆိုသည်။*

## တိုက်စစ်မှူး ရှန်နီလုပ်ခလစာတိုး

*မန်ယူတိုက်စစ်မှူး ရှန်နီအား မန်ယူက တစ်ပတ်လုပ်ခလစာ ပေါင် ၃၀၀၀၀ ထပ်မံတိုးပေးရန် ကမ်းလှမ်းထားသည်။ ၎င်းသည် ယင်းထပ်တိုးလစာအပါအဝင် တစ်ပတ်လျှင် ပေါင် ၁၃၀၀၀၀အထိ လစာရရှိမည်ဖြစ်သည်။*

## ဗိုလ်လုပွဲသုံးဘောလုံး ပေါင် ၅၂၁၀၀အထိ တန်ဖိုးမြင့်တက်

*၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲတွင် အသုံးပြုခဲ့သောဘောလုံးကို ဖီဖာက လေလံတင်ရောင်းချခဲ့ရာ စတာလင်ပေါင် ၉၉မှ ၅၂၁၀၀အထိ မြင့်တက်လာသည်။*

## တိုက်စစ်မှူး လိုအစ်ရီမီအား ဝက်စ်ဟမ်းက ခေါ်ယူဖွယ်

*ဝက်စ်ဟမ်းအသင်းသည် မက္ကဆီကိုအသင်း နိုက်စ်တိုက်စစ်မှူးဖြစ်သည့် အသက် ၂၃နှစ်အရွယ်ရှိ လိုအစ်ရီမီအား ခေါ်ယူဖွယ်ရှိကြောင်း၊ ရီမီသည် ဝက်စ်ဟမ်းသို့ ပြောင်းရွှေ့ရန် စိတ်ဝင်စားနေပြီး နည်းပြအေဗရန်ဂရန့်ကလည်း ပေါင် ၁၂သန်းတန်စာချုပ်ဖြင့် ၎င်းအားစာချုပ်ချုပ်ဆိုခေါ်ယူရေး နီးစပ်နေပြီဖြစ်ကြောင်း သိရသည်။*

## ဘရက်ဒ်လေအား ခေါ်ယူရန် ဘလက်ပူးလ် စဉ်းစားနေ

*ပရီမီယာလိဂ်တန်းတက် ဘလက်ပူးလ်အသင်းသည် ဘိုရှုရှားမွန်ချင်ဂလက်ဘက်ချ်တွင် ကစားနေသော အမေရိကန်အသင်းလက်ရွေးစင် ကွင်းလယ်ကစားသမား မိုက်ကယ်ဘရက်ဒ်လေအားခေါ်ယူရန် စဉ်းစားနေသည်။*

## အင်န်ဂေါ့အားအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ရေး လီဗာပူးဆိုင်းငံ့

*လီဗာပူးအသင်းသည် အပြောင်းအရွှေ့ဈေးကွက်မပိတ်မီ တိုက်စစ်မှူးအသစ်နှစ်ဦးအား ထပ်မံမခေါ်ယူနိုင်တော့သည့်အတွက် အသင်းမှ ပြင်သစ်တိုက်စစ်မှူး အင်န်ဂေါ့အား ဝက်စ်ဘရွန်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ရေးကို ဆိုင်းငံ့ထားသည်။*

## ခံစစ်မှူးဂျာရက်ဇ် ဆဲလ်တစ်သို့ရောက်ရှိရေး နီးစပ်ဟုဆို

*ကမ္ဘာ့ဖလားပြိုင်ပွဲဝင် အသက် ၂၂နှစ်အရွယ်ရှိ မက္ကဆီကိုအသင်း ခံစစ်မှူး အီဖရိန်ဂျာရက်ဇ်သည် အင်္ဂလန်ပရီမီယာလိဂ် သို့မဟုတ် စပိန်လာလီဂါသို့ ပြောင်းရွှေ့ရန် ဆန္ဒရှိနေသော်လည်း ၎င်းအား ဆဲလ်တစ်အသင်းက စာချုပ်ခေါ်ယူရေး နီးစပ်နေပြီဖြစ်ကြောင်း ဆဲလ်တစ်နည်းပြ နေးလ်လင်နွန်က ပြောကြားသည်။*

## ပို့စ်မောက် ဂိုးသမားဂျိမ်းစ် အသင်းမှထွက်ခွာဖွယ်ရှိ

*ပို့စ်မောက် ဂိုးသမား ဒေးဗစ်ဂျိမ်းသည် ၎င်းအားအသင်းက တစ်နှစ်သက်တမ်းရှိ စာချုပ်သစ် ထပ်မံချုပ်ဆိုရေး ပျက်ကွက်ခဲ့ပြီးနောက် အသင်းမှထွက်ခွာဖွယ်ရှိကြောင်း သိရသည်။ ။*

*(အင်တာနက်)*

FOREVER GROUP

# DIPLOMA IN COMPUTER ARTS (Dip. CA)

Specialized in " Character Animation & Advanced Media "
Level 1: Graphic Production for Exporting any Media
Level 2: Video/Audio Production, Motion Graphics & Visual Effects
Level 3: Character Animation & Advanced Media

Specialized in " Multimedia & Infocom Technology "
Level 1: Graphic Production for Exporting any Media
Level 2: Rich Media Content Creation, Interactive TV & Streaming Video
Level 3: Multimedia & Information Communication Technology



Sales & Marketing Manager
Sales Executive
Auditor
Chief Accountant
Accountant
Cashier
Sales Person
Computer Operator
Driver
Graphic Designer


# မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၇-၇-၂၀၁၀ (စနေနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊တေးရေး-မောင်မောင်လတ်)
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇း၅၀ ၆။ ကဗျာပန်းဥယျာဉ်
၈း၀၅ ၇။ အကပြိုင်ပွဲ
၈း၁၅ ၈။ တေးဂီတအစီအစဉ်
၈း၃၀ ၉။ ပြဒါးသေတစ်ဆွဲ သံသေတစ်ပြည်ဝ
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ Local Talent
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ ချစ်စရာ့အရွယ် ကစားကြမယ်
၁၁း၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၃း၂၀ ၅။ Yan Can Cook
၁၃း၄၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **မပြယ်သောချစ်ခြင်း မန္တမ်းသောမေတ္တာ** (အပိုင်း-၂၅)
၁၄း၂၅ ၇။ မွန်ပြည်နယ်တစ်ဝန်း ရွှေဖြူလွှမ်း
၁၄း၄၀ ၈။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၁၄း၅၀ ၉။ International News
၁၅း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၄း၂၀ ၃။ တေးဂီတအစီအစဉ်
၄း၃၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၅း၀၀ ၆။ နိုင်ငံ့စီးပွား အလေးထား ကျေးလက်ထုတ်ကုန်များ
၅း၁၅ ၇။ တေးဂီတအစီအစဉ်
၅း၃၀ ၈။ **မေတ္တာရေအမြင့် တင့်လေသည့်ရွှေကြာ**
၅း၄၅ ၉။ သက်တံရောင်သံစဉ်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၂။ အလှရှာမယ် လှကမ္ဘာဝယ်
၆း၃၅ ၁၃။ ယဉ်တစ်ကိုယ်မယ် (သရုပ်ဆောင်-မိုင်းလုံ) ဒါရိုက်တာ-မင်းဇေယျာလင်း
၇း၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်မိတာ ခွင့်လွှတ်ပါ** (အပိုင်း-၂၁)
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ စည်းလုံးတဲ့မြေ [(စန္ဒရားမောင်လှအေးနှင့်အဖွဲ့၊ တေးရေး-မောင်သဲကြည် (မအူပင်)]
၁၉။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၄၂)
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရေဆုံးမြေဆုံး** (အပိုင်း -၃)
၂၁။ ဂီတတံခါးလေးဖွင့်ပါဦး
၂၂။ အစီအစဉ်ပြီး၏။



## ဂုဏ်ပြုဆုချီးမြှင့်

၂၀၁၀ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ဥပဒေပညာ ကျောင်းသား ကျောင်းသူများ၏ သားသမီးများအား ဂုဏ်ပြုပွဲကို ဇူလိုင် ၁၄ရက်က ဗဟန်းမြို့နယ် မြေပဒေသာကျွန်းရှိ ဒေါ်လ်ဖင်စားသောက်ဆိုင်၌ ကျင်းပရာ ငါးဘာသာဂုဏ်ထူးရှင် မစုရည်ဝင်းအား အာစရိယပူဇော်ပွဲ ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးဘတင့်ဆွေက ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

စာအုပ်စာပေ လူ့မိတ်ဆွေ

## ဆေးပညာဆိုင်ရာသင်တန်း ဆရာဝန်အသင်း၌ ပို့ချမည်

ရန်ကုန် ဇူလိုင် ၁၆

မြန်မာနိုင်ငံဆရာဝန်အသင်း စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးယူနစ် (CME) မှ အထွေထွေ ရောဂါကုဆရာဝန်များအတွက် Diagnostic Medical- Surgical Procedures 2010 သင်တန်းကို ဇူလိုင် ၃၁ရက်မှ အောက်တိုဘာ ၁၇ရက်အထိ (စနေနေ့၊ တနင်္ဂနွေနေ့)များတွင် မွန်းတည့် ၁၂နာရီမှ ညနေ ၃နာရီအထိ သင်တန်းပို့ချမည်ဖြစ်ရာ တက်ရောက်လိုသော ဆရာဝန်များသည် ဇူလိုင် ၂၁ရက်မှ ၂၂ရက်အတွင်း နံနက် ၁၀နာရီမှ ညနေ ၃နာရီအထိ တက်ရောက်မည့်သူကိုယ်တိုင် လိုင်စင်ဓာတ်ပုံလေးပုံနှင့် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(မြန်မာနိုင်ငံဆရာဝန်အသင်း)**


အများသိစေရန်

ရွှေပါက်ဆောင်

လက်ဆောင်သစ်
GCE 'O'LEVEL
MATHEMATICS TUTOR







ရွှေပါက်ဆောင်
WORK BOOK
GRADE (6, 7, 8, 9)

အများသိစေရန်

လက်ဆောင်သစ်

## အဆင့်မြင့်စက်ချုပ်နှင့် အခြေခံအိမ်တွင်းမှု သင်တန်းဆင်း

**နေပြည်တော် ဇူလိုင် ၁၆**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက ဖွင့်လှစ်သည့် အဆင့်မြင့်စက်ချုပ် အထူးသင်တန်း အမှတ်စဉ်(၂)နှင့် အခြေခံအိမ်တွင်းမှု အထူးသင်တန်း အမှတ်စဉ်(၄) သင်တန်းဆင်းပွဲ အခမ်းအနားများကို ဇူလိုင် ၉ရက် နံနက် ၁၀နာရီက ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ လည်းကောင်း၊ မွန်းတည့် ၁၂နာရီတွင် ဘိုကလေးမြို့ မြို့နယ်ခန်းမ၌လည်းကောင်း၊ ညနေ ၃နာရီတွင် မော်လမြိုင်ကျွန်းမြို့ မော်ရောခန်းမ၌ လည်းကောင်း၊ ဇူလိုင် ၁၀ရက် နံနက်၉နာရီတွင် လပွတ္တာမြို့ ရွှေနဒီခန်းမ၌ လည်းကောင်း ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးသိန်းက အဆင့်မြင့်စက်ချုပ် အထူးသင်တန်း အမှတ်စဉ်(၂)နှင့်အခြေခံ အိမ်တွင်းမှု အထူးသင်တန်းအမှတ်စဉ်(၄) တို့တွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။

**တက်ရောက်**

အဆိုပါသင်တန်းများကို မေ ၃ရက်မှစ၍ ရက်သတ္တ ၁၀ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ပြီး ဧရာဝတီတိုင်း ဖျာပုံ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်းနှင့် လပွတ္တာမြို့နယ်များမှ ကျေးလက်ဒေသနေ သင်တန်းသူ ၃၀စီနှင့် မြို့ပေါ်ရပ်ကွက်များမှ သင်တန်းသူ၃၀စီ ပေါင်း၆၀စီဖြင့် စုစုပေါင်း၂၄၀ သင်တန်းတက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





## ရွှေကူမြို့နယ် မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်

**ရွှေကူ ဇူလိုင် ၁၅**

ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးမီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းလုပ်ငန်းကို ဇူလိုင် ၃ရက် နံနက် ၉နာရီက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်အောင်နီ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်မောင်တိုး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဆန်းနိုင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယမြို့နယ်မှူး သန်းဝင်းနှင့် ဈေးမိဈေးဖတို့က မီးသတ်ရေကန်နှင့် ရေစုပ်စက်များ၊ လျှပ်စစ်မီတာ၊ မီးကြိုးသွယ်တန်းမှုနှင့် မီးသုံးစွဲမှုစနစ်တကျထားရှိမှုတို့ကို စစ်ဆေးဆောင်ရွက်ကြသည်။ **(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)**

### မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

**နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေးလုံခြုံရေးနှင့် မီးဘေး ကြိုတင်ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေကို ဇွန် ၇ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးဝင်းရွှေ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရဲထွန်းတို့ ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ် ပြန်/ဆက်)



**ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ်၊ တာမိုးညဲမြို့ စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းရေစီးရေလာကောင်းမွန်ရေးအတွက် မြို့လယ် မိုးညဲချောင်းအတွင်းရှိအမှိုက်များ၊ နုန်းများဆယ်ယူခြင်းလုပ်ငန်းကို အဖွဲ့ဝန်ထမ်းများဖြင့် ဆောင်ရွက်ရာ မြို့နယ်တာဝန်ခံက ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ် ပြန်/ဆက်)

## သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်

**နေပြည်တော် ဇူလိုင် ၁၆**

ဧရာဝတီတိုင်း လပွတ္တာခရိုင် လပွတ္တာမြို့၌ ဇူလိုင် ၁၃ရက် ညနေ ၃နာရီက မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဦး၊ လပွတ္တာခရိုင် ခေတ္တဆေးရုံအုပ်ကြီး ဒေါက်တာအောင်နိုင်ဝင်း၊ မြို့နယ်စည်ပင် အမှုဆောင်အရာရှိ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ဒေသခံပြည်သူများစုပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်း၊ ဆေးစိမ်ခြင်ထောင်များပေးဝေခြင်း၊ ပိုးလောက်လမ်း နှိမ်နင်းရေးလုပ်ငန်းများဖြစ်သော ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မြန်မာရပ်ကွက်မှ အရှည်ပေ ၁၈၀၀ရှိ သီရိမင်္ဂလာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းခွင်သို့ ဇူလိုင် ၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦး ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ရီရီစိန်း ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)



## မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုး

**မကွေး ဇူလိုင် ၁၅**

၂၀၁၀ခုနှစ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၈ရက် နံနက်က မကွေးတိုင်း အမျိုးသမီးရေးရာ ရုံးဝင်းအတွင်း၌ကျင်းပရာ မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းဝင်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မကွေးမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်စိုးနိုင်နှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

**တပျော်တပါး**

မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းဝင်း **(ယာပုံ)** နှင့် အဖွဲ့ဝင်များက မကွေးတိုင်း အမျိုးသမီးရေးရာရုံးဝင်းအတွင်း သတ်မှတ်နေရာ အသီးသီး၌ ကျွန်း၊ ခရေ၊ မဲဇလီ၊ ပိတောက်၊ ရေတမာနှင့်တမာပင် ၁၂၀ တို့ကို တပျော်တပါး စိုက်ပျိုးကြသည်။

**(ခရိုင် ပြန်/ဆက်)**



## မြို့နယ် သတင်း ထွေထွေ

**ပျော်ဘွယ်မြို့နယ်၏ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ခရိုင်၊ မြို့နယ် အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၄၅၀ခန့်က ခရိုင်ချင်းဆက် အမှတ်(၂) လမ်းပေါ်ရှိ ရွှေညောင်ဖူး ကျေးရွာနှင့် ကုန်းသာကျေးရွာတို့၌ အရိပ်ရပင်များ ဖြစ်သည့် ယူကလစ်၊ တမာ၊ ကုက္ကိုပင် ၂၇၃၀ကို ဇူလိုင် ၆ရက်က တပျော်တပါး စိုက်ပျိုးကြစဉ်။** (သတင်းစဉ်)



## ရမည်းသင်းမြို့နယ်ရှိ ကျေးလက်လမ်း ကျေးရွာပြည်သူများ စုပေါင်းပြုပြင်

**ရမည်းသင်း ဇူလိုင် ၁၂**

ရမည်းသင်းမြို့နယ် ရွှေဒါးသာစည်အုပ်စု ညောင်ထောက်ကျေးရွာတွင် ဇွန် ၂၆ရက် နံနက် ၇နာရီက ကျေးရွာတွင်းလမ်းများကို မြေဖို့ခြင်း၊ ကျောက်ချခြင်း၊ ရေနုတ်မြောင်းများတူးဖော်ခြင်း၊ချုံနွယ်များခုတ်ထွင် ရှင်းလင်းခြင်း၊ ဝင်းခြံများ အသစ်ကာရံခြင်း လုပ်ငန်းများကို ကျေးရွာအိမ်ထောင်စု ၁၃၄စုက စုပေါင်းပြုပြင်ဆောင်ရွက်ကြသည်။

အဆိုပါလုပ်ငန်းဆောင်ရွက်မှုကို ရွှေဒါးသာစည်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးတင်လှိုင်၊ ရာအိမ်မှူး ဦးတင်မြ၊ မြို့နယ်မီးသတ် ဦးစီးဌာနမှ ဦးအောင်ဌေးဝင်းနှင့်အဖွဲ့ဝင်များ၊ ကျေးရွာရပ်မိရပ်ဖများက ကြီးကြပ်ဆောင်ရွက်ခဲ့ကြပြီး ပြုပြင်ခဲ့သောလမ်းမှာ အရှည်ပေ ၁၈၀၀၊ အကျယ် ၁၅ပေဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ တကောင်းမြို့၌ ကျင်းပ

**တကောင်း ဇူလိုင် ၁၀**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲကို ဇွန် ၂၅ရက်က တကောင်းမြို့ အခြေခံပညာအထက်တန်းကျောင်း ရတနာပုံခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ တကောင်းမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးက အဖွင့်အမှာစကားပြောကြားပြီး တကောင်းမြို့နယ် ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်အောင်မြင့်က မူးယစ်ဆေးဝါးအကြောင်း သိကောင်းစရာများနှင့် ဥပဒေရေးရာ အကြောင်းများကို လည်းကောင်း၊ တကောင်းမြို့နယ် ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာစံကြည်က မူးယစ်ဆေးဝါး သုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများနှင့် လူငယ်လူရွယ်များအတွက် အန္တရာယ်ကြီးမားပုံ အကြောင်းတို့ကိုလည်းကောင်း အသီးသီး ဟောပြောကြသည်။

(မြို့နယ် ပြန်/ဆက်)

## နေပြည်တော် တပ်ကုန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ပညာသင်စရိတ်နှင့် စာရေးကိရိယာများ ထောက်ပံ့

**နေပြည်တော် ဇူလိုင် ၁၆**

နေပြည်တော် တပ်ကုန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့သည် ဇူလိုင် ၁၀ရက် နံနက် ၉နာရီက အဖွဲ့ရုံး၌ ၂၀၁၀-၂၀၁၁ပညာသင်နှစ် ပညာသင်စရိတ်နှင့် မသန်စွမ်းသူများအား ထောက်ပံ့ပေးအပ်ပွဲ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်တပ်ကုန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေအောင်နှင့် နေပြည်တော် တပ်ကုန်းမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးအောင်မြင့်ကို(ငြိမ်း)တို့က အမှာစကားပြောကြားပြီး ပညာသင်သားသမီး ၁၀၈ဦးအတွက် ငွေကျပ် ၄၈၆၀၀၀ကိုလည်းကောင်း၊ မသန်စွမ်းအဖွဲ့ဝင် ၃၄ဦးအတွက် ငွေကျပ် ၃၄၀၀၀၀ ကိုလည်းကောင်း တာဝန်ရှိသူများကပေးအပ်၍ နေပြည်တော် တပ်ကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ငွေကျပ်၁၀၀၀၀၀၊ ဗိုလ်ကြီးအောင်မြင့်ကို(ငြိမ်း)နှင့် ဇနီး ဒေါ်မြင့်မြင့်တိုးမိသားစုက မသန်စွမ်းအဖွဲ့ဝင်များအား ပုဆိုးနှင့် ရှပ်အင်္ကျီ တစ်စုံစီ၊ ဗိုလ်ကြီးဝင်းမင်းသန့်(ငြိမ်း)နှင့် ဇနီးဒေါ်ဌေးဌေးရီမိသားစုက ဗလာစာအုပ် ၃၅ဒါဇင်နှင့် ခဲတံ ၁၈ဒါဇင်တို့ကို ထောက်ပံ့ပေးအပ်ကြသည်။ **(အောက်ပုံ) (ဝဇ၁)**



★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။



နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်း(ကင်းသာ-ကိုးကွေ့)အပိုင်းကို ကင်းသာကျေးရွာအနီး ဤသို့ဖောက်လုပ်ထားသည်ကို တွေ့ရသည်။

# တောင်ပေါ်မြေပြန့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအချင်းချင်း

# အဓွန့်ရှည်စွာ ချစ်ကြည်ရင်းနှီးစေမည့် နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်း

➢ သတင်းဆောင်းပါး - ခရမ်းစိုးမြင့် ➢ ဓာတ်ပုံမှတ်တမ်း - ဆောက်လုပ်ရေးနှင့် မိုးမြင့်လှိုင် ➢ စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင် (မြန်မာ့အလင်း)

နေပြည်တော် ဇူလိုင် ၁၆

မိုးလတစ်လ၏တစ်နေ့....။ ဇူလိုင်မိုးက ခပ်ဖွဲဖွဲကလေးရွာချနေသည်။ ဟိုး....အရှေ့ဝေးဝေးကို လှမ်းကြည့်လိုက်တော့ တောင်တန်းကြီးများကို ညို့ညို့မှိုင်းမှိုင်းဖြင့် တွေ့ရသည်က သာမောဖွယ်ရာ။ စီးလာသော ကားကလေးပေါ်မှ ဝဲယာနံဘေးကို တစ်လှည့်စီကြည့်လိုက်ပြန်တော့လည်း မြရောင်လွှမ်းနေသည့် လယ်ကွင်းနှင့် ယာခင်းများက ရိပ်ခနဲရိပ်ခနဲ ကျန်ရစ်ခဲ့သည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✻